# ကြေးမုံ
# The Mirror

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်၊ တနင်္လာနေ့(17-11-2008) (၅၈၆၅)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
| --- | --- | --- |
| ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)ဖွင့်ပွဲ တက်ရောက် စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး တိုးတက်ကောင်းမွန်ရေး မှာကြား

နေပြည်တော် နိုဝင်ဘာ ၁၆

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၇နာရီ၄၅မိနစ်တွင် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)၌ ကျင်းပသည့် တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

အဆိုပါ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

**တန်(၂၀၀) စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)နှင့် တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း)တို့ကို ဝေဟင်မှ တွေ့ရစဉ်။** (သတင်းစဉ်)



ကြေးမုံ The Mirror

၁၇-၁၁-၂၀၀၈
(တနင်္လာနေ့)

## ဒေသတွင်း စွမ်းဆောင်ရည်ပြည့်ဝမှု တိုးမြှင့် အဖွဲ့ဝင်နိုင်ငံများ စီးပွားရေး ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (BIMSTEC) ထိပ်သီးအစည်းအဝေးသို့ နိုဝင်ဘာလ ၁၂ ရက်မှ ၁၄ ရက်အတွင်းတက်ရောက်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ သမ္မတများ၊ ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲ ပူနွေးလာမှုကြောင့်သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများ ဖြစ်ပေါ်လျက်ရှိရာ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းအင်လုံခြုံရေးတို့သည် နိုင်ငံအားလုံးနှင့် ဆက်စပ်ယှက်နွယ်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း စွမ်းအင်ဈေးနှုန်းပြောင်းလဲမှုနှင့် စားနပ်ရိက္ခာဈေးနှုန်း မြင့်တက်လာမှုတို့က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်း တွေ့ရသည်။

ထို့အပြင် ကမ္ဘာ့နိုင်ငံအများအပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများလည်း ဖြစ်ပေါ်လျက်ရှိရာ ပြည်သူအများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ခြိမ်းခြောက်နေသည်။ အဆိုပါရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်၊ စားနပ်ရိက္ခာ၊ စွမ်းအင်လိုအပ်ချက်နှင့် လုံခြုံရေးရာ ပြဿနာများကို နိုင်ငံတကာ လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ဖြေရှင်းကျော်လွှားနိုင်မည်ဖြစ်သည်။

ယခုအခါ ဘင်းမ်စတက်အဖွဲ့ကြီးကို တည်ထောင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းပေါင်းစည်းမှုရရှိရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ဖွဲ့စည်းတည်ထောင်ခဲ့သည့် (၁၁)နှစ်တာ ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ကဏ္ဍ(၆)ရပ်ရှိရာမှ ယခုအခါ ကဏ္ဍ (၁၃)ရပ် အထိ တိုးချဲ့ရောက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့၌ ဘာသာရပ်ဆိုင်ရာ ဦးဆောင်နိုင်ငံဖြစ်ရာ တိုးတက်မှုများ ရရှိလာစေရေး ကြိုးပမ်းလျက်ရှိသည်။ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် ဘင်းမ်စတက် လွတ်လပ်စွာ ကုန်သွယ်ရေးနယ်မြေတစ်ရပ် ပေါ်ပေါက်ရေးကြိုးပမ်းချက်များကို ထောက်ခံသည်။ ဘင်းမ်စတက်လွတ်လပ်စွာ ကုန်သွယ်ရေးနယ်မြေ ပေါ်ထွန်းလာခြင်းသည် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ စွမ်းဆောင်ရည်ပြည့်ဝမှုကို တိုးမြှင့်နိုင်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

## ဒို့ကျေးရွာဂျာနယ်အတွဲ(၅) အမှတ်(၂၂)ထုတ်ဝေ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၂၂)ကို နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် အလုပ်မနားတော့ အဟုတ်စပါးထွက်သဖြို့ အာလူးနှစ်ကို စိန်ခေါ်နေတဲ့ ပိုးမွှားရောဂါ ၊ ဆေးဖက်ဝင်သစ်ခွ ပြည်ပပို့ရအောင်၊ ဂေါ်ရခါးသီးများကို စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်၊ ထွက်နှုန်းကောင်းသော ငွေချည်(၆)ဝါများအား တိုးချဲ့စိုက်ပျိုးလာကြ၊ ဓာတ်မြေဩဇာကို စနစ်တကျသုံးစွဲတတ်ရန်လိုအပ် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဝက်နားရွက်ပြာရောဂါ ကာကွယ်ပါ၊ ကျွဲနွားတို့၏ သဘာဝနှင့်မွေးမြူရေးဖွံ့ဖြိုးမှု စသည့် မွေးမြူရေးဆောင်းပါးများ၊ စိန်နှင့်တန်ဖိုးစပ်ရမလား ပိစပ်၊ ကြိတ်မုန်ပင်၏ အစွမ်းသတ္တိ၊ ဆံပင်ကျွတ်ရခြင်း အကြောင်းများ၊ အစာမကြေဖြစ်ခြင်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ ချဉ်မြစ်ပင်သရဲအခန်းဆက်ဝတ္ထုတိုနှင့် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအလှအပများကို ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စား၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်၊ ခေတ်၊ လူမှောင်ခိုမှုကာကွယ်ရေး ဆောင်းပါးများနှင့် ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်သူ့သဘောထား**

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shresthaသည် နိုဝင်ဘာ၁၃ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)



## နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်မှု ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၆

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အစည်းအဝေးခန်းမ၌ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းနမူနာများတွင် Melamine ပါဝင်မှုကို Melamine Test Kit ဖြင့် စမ်းသပ်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။**



**စစ်ဆေး**

**ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ရန်ကုန်မြို့ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန ဓာတ်ခွဲခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(ကျန်းမာရေး)

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက နို့မှုန့်နှင့် နို့ထွက်ပစ္စည်း နမူနာများတွင် Melamine ပါဝင်မှုကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးရာတွင် တစ်ဆင့်ချင်း စစ်ဆေးနေမှုများကို တင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှပညာရှင်များက ဓာတ်ခွဲစမ်းသပ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များကို မှာကြားပြီး အစားအသောက် ဓာတုအရည်အသွေးထိန်း ဓာတ်ခွဲခန်း (Food Chemistry Quality Centre Laboratory)တွင် နို့မှုန့်နမူနာများစမ်းသပ်စစ်ဆေးနေမှု၊ EUSA ROOM နှင့် အဖြေထုတ်စစ်ဆေးဆုံးဖြတ်ရန် Computer Software များ အသုံးပြုပြီး စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်မြို့ရောက် ဝါးခယ်မမြို့နယ်အတွင်းရှိ (အထက၊ အလက၊ အမက) ကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြသောအသက်(၆၅) နှစ်နှင့်အထက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၄) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၃၀ (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက် အမှတ်-၁၂ပထမထပ် စဉ့်အိုးတန်းလမ်း၌ ကျင်းပမည်ဖြစ်သည်။

**လှူဒါန်းနိုင်**

ဝါးခယ်မမြို့၌ ပညာဆည်းပူးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့်အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကိုအသင်းတိုက် ဖုန်း-၂၂၆၅၉၀၊ ဗိုလ်မှူးဖေသိန်း(ငြိမ်း)၊ဒေါ်တင်တင်ဝေ ဖုန်း ၀၉၅၀-၁၂၆၂၀၊ ဦးဝင်းကြွယ် ဖုန်း-၀၉၅၁-၆၆၁၆၄၊ဗိုလ်ကြီးသန်းဌေး (ငြိမ်း) ဖုန်း-၀၉၅၁-၃၇၁၉၂၊ ဒုတိယဗိုလ်မှူးကြီး မျိုးလွင် (ငြိမ်း)ဖုန်း-၀၉၈၀-၃၀၉၇၀၊ ဦးသက်ဆွေ ဖုန်း- ၇၀၉၆၀၄၊ ဒေါ်ခင်မြင့်ရည် ဖုန်း- ၅၇၉၂၁၉၊ ဒေါ်ခင်အေးမူ ဖုန်း-၀၉၅၀-၅၆၉၇၀၊ ဒေါ်ခင်ဆွေရည် ဖုန်း-၃၉၄၂၆၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



**နိုဝင်ဘာ ၁၁ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့်လျှပ်စစ်မီး သွယ်တန်းထားရှိမှုများအား ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ရာ အဖွဲ့အမှူးဆောင် အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အသိပေးရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁၆**

မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် လုပ်ငန်းစဉ်များ အသိပေးရှင်းလင်းခြင်း အခမ်းအနားကို နိုဝင်ဘာ ၅ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးကျော်က မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လုပ်ငန်းစဉ်များကို အသိပေးရှင်းလင်းခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

# အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ပို့ဆောင်ရေးဝန်ကြီး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၆

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၃ ရက်မှ ၄ရက်အထိ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုဝင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

(၁၄)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများကို မနီလာမြို့ Makati Shangri Hotel ၌ ကျင်းပပြီး နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အစည်းအဝေးဖွင့်ပွဲ အခမ်းအနား ကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတရုံးမှ H.E. Executive Secretary Eduardo R.Ermita က အမှာစကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

နိုဝင်ဘာ ၆ရက် မွန်းလွဲပိုင်းတွင် Malacanang Palace၌ အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများသည်ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E. President Gloria Macapagal Arroyo ၏ ရှေ့မှောက်၌ အာဆီယံဒေသ၏ ကုန်သွယ်မှုနှင့် ခရီးသွားလာရေးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်စေပြီး ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း တည်ထောင်ရေးကို အထောက်အကူပြုမည့် အာဆီယံဒေသအတွင်း လေကြောင်းကုန်စည်နှင့်ပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ထားသည့် ASEAN Multilateral Agreement on the full liberalization of Air Freight Servicesနှင့် ASEAN Multilateral Agreement on Air Services စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

(၁၄)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများတွင် ၂၀၀၈ ခုနှစ် မေ ၂၇ ရက်မှ ၂၉ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီဘူးမြို့၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ယခုအစည်းအဝေး၏ ရှေ့ပြေးအဖြစ် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးအသီးသီး၏ အစီရင်ခံစာများပါ အာဆီယံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် ဆွေးနွေးကြပြီး အစီရင်ခံစာများကို အတည်ပြုခဲ့ကြသည်။ အစည်းအဝေးက အာဆီယံနှင့် ဥရောပသမဂ္ဂတို့အကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည့် ASEAN Air Transport Integration Project မူကြမ်းကိုလည်းကောင်း၊ အာဆီယံနှင့်အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည့်ASEAN-India Aviation Cooperation Framework မူကြမ်းကို လည်းကောင်း အသီးသီး အတည်ပြုခဲ့ကြသည်။

(၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Strategic Plan for ASEAN China Transport Cooperation မူကြမ်းကို လည်းကောင်း၊ ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Terms of Reference for the ASEAN-China Senior Officials Meeting on Port Cooperation Mechanism မူကြမ်းကိုလည်းကောင်း မူအားဖြင့် အတည်ပြုခဲ့ကြသည်။

(၆)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများတွင် လေဆိပ်များ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ASEAN - Japan Eco-Airport Guideline မူကြမ်းကိုလည်းကောင်း၊ သင်္ဘောသားများ လေ့ကျင့်ရေးဆိုင်ရာ ASEAN-Japan Seafarers Training Cooperative Program မူကြမ်းကိုလည်းကောင်း အာဆီယံ-ဂျပန် ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ၂၀၀၈-၂၀၀၉လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီး အတည်ပြုခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၄ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)တွင် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။** (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

## အထက(၂)သယ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ယခင် ဘောက်ထော်မက်သဒစ်/ အ.လ.က(၂) သယ်န်းကျွန်း ယခု အ.ထ.က(၂) သယ်န်းကျွန်းကျောင်း၌ ၁၉၆၄ မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်း၍ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အနည်းဆုံး(၁)နှစ် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားယူပြီးသော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက် ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်တင်နွဲ့(ကျောင်းအုပ်ကြီး၊အထက-၂ သယ်န်းကျွန်း) ဖုန်း-၅၆၅၅၆၈၊ ဒေါ်သိန်းတင်(အငြိမ်းစားကျောင်းအုပ်ကြီး) ဖုန်း-၅၇၇၉၄၆၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၀၁၆၃၁၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၅၆၀၇၃၆၊ ဦးမျိုးမြင့် ဖုန်း-၅၇၀၀၇၂၊ ဒေါ်မြင့်မြင့်ရီ ဖုန်း-၅၆၂၇၄၈၊ ဒေါ်တင်တင်အေး(မငယ်) ဖုန်း-၅၇၃၁၇၇၊ ဦးကျော်သူ ဖုန်း-၀၉-၅၁၈၄၇၅၆ နှင့် ဦးကျော်ရဲသီဟဖေ ဖုန်း-၀၉-၅၁၃၃၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)




**နိုဝင်ဘာ၁၀ရက်က မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချို တနင်္သာရီမြို့နယ်၊ လယ်တောင်ယာကျေးရွာ စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (ခရိုင်ပြန်/ဆက်)

## မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ တပ်မတော်ဂေါက်ကွင်းတွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ကြီးမှူး၍ အကြိမ်(၂၀) မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် တပ်မတော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် မသန်စွမ်း ဂေါက်သီးရိုက်အားကစားသမားများသည် နိုဝင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး အောင်ဆန်းကွင်း ဖုန်း-၀၁-၃၈၂၄၅၅၊ ဗိုလ်မှူး သိန်းဆွေမြင့်(ငြိမ်း) ဖုန်း-၀၁-၅၄၂၉၄၁၊ ဗိုလ်ကြီးအောင်မြင့်ထွန်း(ငြိမ်း) ဖုန်း-၀၉-၈၀၂၄၀၉၀ တို့သို့ ဆက်သွယ်စာရင်းပေးကြရန်နှင့် နိုဝင်ဘာ ၁၉ရက် နံနက် ၆ နာရီအရောက် တပ်မတော်ဂေါက်ကွင်းသို့ လာရောက်သတင်းပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လက်ပံတန်းမြို့နယ်အသင်း ရွှေရတုသဘင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

လက်ပံတန်းမြို့နယ် အသင်း (ရန်ကုန်)၏ နှစ် (၅၀)ပြည့် ရွှေရတုသဘင်နှင့် (၃၇)ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် လှိုင်မြို့နယ် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့ရောက် လက်ပံတန်းမြို့နယ်သူ မြို့နယ်သားအားလုံး ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ တက်ရောက်ပါရန်၊ အသက် (၇၅)နှစ်နှင့် အထက် လက်ပံတန်းမြို့နယ်သူ မြို့နယ်သား အဘိုး အဘွားများ ကန်တော့ခံကြွရောက်ပါရန်နှင့် ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်နိုင်ရန်အတွက် ဦးသောင်းကြည်၊ ဖုန်း-၅၀၁၇၃၆၊ ဦးစိုးလှိုင် ဖုန်း-၆၆၆၇၈၆ ဦးထွန်းကြည် ဖုန်း-၃၉၅၀၀၈၊ ဦးသာလွင် ဖုန်း-၅၄၄၂၇၃၊ ၅၄၄၇၈၀၊ ဦးစိန်မောင်ဝင်း ဖုန်း-၅၉၃၉၉၇နှင့် ဦးအောင်သိန်း ဖုန်း-၅၄၆၄၂၀တို့ထံဆက်သွယ်နိုင်ကြောင်းသိရသည်။

(ကြေးမုံ)

**ယာဉ်မောင်းများ လိုက်နာရန် သတိပေး နှိုးဆော်ချက်**

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ် မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စားမောင်းနှင်ခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီအရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် စစ်သွေးကြွ ၁၀ ဦး သေဆုံး

**ကဘူး နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဗုံးလုပ်သော ကလာပ်စည်းတစ်ခုကို နိုင်ငံစုံတပ်ဖွဲ့က ဝင်ရောက် တိုက်ခိုက်ရာ စစ်သွေးကြွ ၁၀ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

နိုင်ငံစုံ တပ်ဖွဲ့သည် ဂျာလာလတ်ဒင်ဟက်ကာနီ ကွပ်ကဲသော ကွန်ရက်တစ်ခုမှ အဓိကစစ်သွေးကြွများကို ပစ်မှတ်ထားလျက်ရှိကြောင်း၊ စစ်သွေးကြွများ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဟက်ကာနီသည် ပါကစ္စတန်နိုင်ငံအတွင်းမှနေ၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဝင်ကာ စစ်ရေးဆောင်ရွက်နေသည်ဟု ယုံကြည်ရကြောင်း စစ်ဘက်မှ ကြေညာချက်တွင် ဖော်ပြထားသည်။

အရှေ့ပိုင်း ပက်ယာပြည်နယ်တွင် သေဆုံးသော စစ်သွေးကြွများသည် ဟက်ကာနီ၏ လက်အောက်ခံများနှင့်နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများဖြစ်ကြသည်။ ၎င်းတို့သည် အရပ်သားများနှင့် နိုင်ငံစုံတပ်ဖွဲ့များကို ဗုံးခွဲတိုက်ခိုက်ရန်နှင့် အသေခံဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ထားကြသည်ဟု စစ်ဘက်မှ ပြောကြားသည်။

ထိုသေဆုံးသူများတွင် ပစ်မှတ်ထားသော ခေါင်းဆောင်များ ပါဝင်ခြင်း ရှိ၊ မရှိကို သေချာစွာ မဆုံးဖြတ်ရသေးကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ယခင် ဆိုဗီယက်ယူနီယံနိုင်ငံဟောင်း လက်ထက်က ဂျာလာလတ်ဒင်ဟက်ကာနီသည် လွတ်လပ်စွာ လှုပ်ရှားခဲ့သော တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်ကြောင်း၊ ယခုအခါ ၎င်းနှင့် ၎င်း၏သား ဆီရာဂျက်ဒင်သည် တာလီဘန်များနှင့် ရင်းနှီးစွာ ဆက်ဆံနေသည်ဟု အမေရိကန်ပြည်ထောင်စုက ယူဆထားသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လောင်စာဆီယာဉ်ဖြင့် အသေခံ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော အဆောက်အအုံနှင့် ယာဉ်များကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဘဂ္ဂဒက်မြို့တွင်း ဗုံးပေါက်ကွဲမှုများ ဖြစ်ပွား ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားခုနစ်ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၅**

အီရတ်နိုင်ငံ မြို့တော်အတွင်း နိုဝင်ဘာ ၁၅ရက်က ဗုံးပေါက်ကွဲမှုများကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး အပါအဝင် ၁၀ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ အီးတီဖီရတ် ရပ်ကွက် ဘူရာယာဘဏ်အနီး ရဲတပ်ဖွဲ့ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် လမ်းသွားလမ်းလာ လေးဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ရဲကားတစ်စီးလည်း ပျက်စီးခဲ့သည်။

အလားတူဘဂ္ဂဒက်မြို့အရှေ့တောင်ပိုင်း မတ်ရှိတယ်ရပ်ကွက်ရှိစားသောက်ဆိုင်တစ်ခုအနီး လောင်စာဆီတင်ယာဉ်တစ်စီးနှင့် တိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦး ဒဏ်ရာရရှိပြီး အနီးနားရှိ စားသောက်ဆိုင်နှင့် အရပ်သားကားများ ပျက်စီးခဲ့သည်။

***အင်တာနက်။***

# အီရတ်- အမေရိကန် လုံခြုံရေးစာချုပ်မူကြမ်း သဘောတူ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၅**

အီရတ်နှင့်အမေရိကန်ပြည်ထောင်စုတို့သည် လုံခြုံရေးစာချုပ်နောက်ဆုံးမူကြမ်းအပေါ်တွင် ယခုအခါသဘောတူညီမှု ရရှိကြပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် နျူရီအယ်လ်မာလီကီ၏ ထိပ်တန်း လက်ထောက်တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ထိုစာချုပ်က ကုလသမဂ္ဂ၏ ခွင့်ပြုမိန့်အာဏာ သက်တမ်းကုန်ဆုံးသော ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်း အမေရိကန် တပ်ဖွဲ့ဝင်များအား သုံးနှစ်ဆက်လက်တပ်စွဲထားခွင့်ပြုသည်။

ထိုစာချုပ်ကို အာရေဗျဘာသာစကားသို့ ပြန်ဆိုပြီးစီးသောအခါ အစိုးရအဖွဲ့ဝင်များသို့ စနေနေ့နှောင်းပိုင်း၌ ဖြန့်ဝေမည်ဖြစ်သည်။ တနင်္ဂနွေ သို့မဟုတ် တနင်္လာနေ့၌ ကျင်းပမည့် အရေးပေါ်အစည်းအဝေးတွင် မဲပေးဆုံးဖြတ်မည် ဖြစ်သည်။ အမည် မဖော်လိုသူ သတင်းပေး တစ်ဦးက ၃၇ ဦး ရှိသော အစိုးရအဖွဲ့တွင် သုံးပုံနှစ်ပုံ အများစုက ထိုစာချုပ်မူကြမ်းကို အတည်ပြုမည့် အလားအလာရှိကြောင်း အကြံပေးပုဂ္ဂိုလ်များက ပြောကြားသည်ဟု ဆိုသည်။

အစိုးရအဖွဲ့က အတည်ပြုပြီးနောက် ပါလီမန်၌ မဲခွဲဆုံးဖြတ်ပြီး အတည်ပြုချက်ရယူဦးမည်ဖြစ်သည်။

***အင်တာနက်။***

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ



**အာဖဂန်နစ္စတန် နိုင်ငံ အရှေ့ပိုင်းတွင်အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ယာဉ်အနီး၌ အရပ်သားများ ကြည့်ရှုနေသည်ကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## သဘာဝဘေးအန္တရာယ် သတင်းများ



# လော့စ်အိန်ဂျလိစ်မြောက်ဘက်၌ တောမီးလောင်ကျွမ်း ဒေသခံအများအပြား ဘေးကင်းရာသို့ ပြောင်းရွှေ့

**လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၁၅**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ မြောက်ပိုင်းဒေသအတွင်း တောမီးကူးစက်လောင်ကျွမ်းလာမှုကြောင့် ဒေသခံရာနှင့်ချီ၍ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ အချို့အိမ်များမှာ မီးလောင်ကျွမ်းခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့ မီးသတ်ဌာန တာဝန်ရှိသူများက စနေနေ့နံနက်ပိုင်း၌ ဒေသခံများအား ၎င်းတို့၏ အိမ်များမှ စွန့်ခွာကြရန် သတိပေးပြောဆိုခဲ့သည်။ အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် မွန်တီဆီကိုဒေသတွင် အိမ်ခြေ ၁၀၀ကျော် ပျက်စီးခဲ့ပြီး ဆန်တာဘာဘရာ စီရင်စုတွင် မီးလောင်မှုဖြစ်ပွားနေသော ဧက ၁၈၀၀ကို မီးငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင် ၈၀၀ခန့် ရောက်ရှိလာခဲ့သည်။

***အင်တာနက်။***

# တောင်အာဖရိက၌ မုန်တိုင်းတိုက်ခတ် လူငါးဦးသေဆုံး အိမ် ၄၀၀ ပျက်စီး

**ဒါဘန် (တောင်အာဖရိက) နိုဝင်ဘာ ၁၅**

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့တွင် နိုဝင်ဘာ ၁၅ရက်က မုန်တိုင်းပြင်းထန်စွာ တိုက်ခတ်မှုကြောင့် လူငါးဦးသေဆုံးပြီး အိမ်ခြေ ၄၀၀ထက်မနည်း ပျက်စီးခဲ့သည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားရာတွင် သေဆုံးသူငါးဦးရှိပြီး ကျန်ရှိသူများကို ရှာဖွေလျက်ရှိသည်ဟုဆိုသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၁၀၀ ထက်မနည်း ဒဏ်ရာရရှိပြီး ၅၀ခန့်မှာ စိုးရိမ်ရသောအခြေအနေရှိကြောင်းကယ်ဆယ်ရေးအဖွဲ့တာဝန်ရှိသူက ပြောကြားသည်။ မုန်တိုင်းကြောင့် သစ်ပင်များလဲပြိုခြင်း၊ နံရံများပြိုကျခြင်း၊ အိမ်အမိုးများလန်ထွက်ခြင်းနှင့် အချို့ရေပိုက်များ ကျိုးပေါက်ခြင်းများဖြစ်ပေါ်ခဲ့သည်။

***အင်တာနက်။***



## အင်တာနက်ကျန်းမာရေးသတင်း

**မြကေခိုင်စိုး**



# မျိုးကြွသောဂီတသံစဉ်များသည် နှလုံးကျန်းမာရေးကို အထောက်အကူပြု

**ဘာတီမော နိုဝင်ဘာ ၁၆**

လူတစ်ဦးချင်းစီ၏အနှစ်သက်ဆုံးတေးဂီတသံစဉ်များသည် ၎င်းတို့၏ နှလုံးသွေး လည်ပတ်မှုအခြေအနေကို တိုးတက်ကောင်းမွန်စေသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

မျိုးကြွသောဂီတသံစဉ်များသည် သွေးလည်ပတ်မှုအား ကောင်းစွာ အကျိုးပြုသည်ကို ပထမဆုံးအကြိမ်အဖြစ်သုတေသနပြုတွေ့ရှိခဲ့ကြောင်း မာရီလန်းဆေးဘက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားသည်။

ဇီဝကမ္မဖြစ်စဉ်နှင့် သက်ဆိုင်သည့်တုံ့ပြန်မှုတစ်ခုအနေဖြင့် သွေးလည်ပတ်မှုလုပ်ဆောင်ချက်များသည် တေးဂီတ အမျိုးအစားအပေါ်တွင် အမှီပြုနေသည်ဆိုသည့်အချက်အား မာရီလန်း ဆေးဘက်တက္ကသိုလ်မှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမီလာက သုတေသနပြုတွေ့ရှိခဲ့သည်။

အဆိုပါဇီဝကမ္မဖြစ်စဉ်နှင့်သက်ဆိုင်သည့် သွေးလည်ပတ်မှု လုပ်ဆောင်ချက်များအား ထိရောက်စေသည့် အကျိုးသက်ရောက်မှုသည်ဦးနှောက်တွင်တွေ့ရသောနာကျင်မှုကိုသက်သာစေသည့် အင်ဒိုဖင်းနိစ် ဓာတ်ပစ္စည်းများကိုဖွံ့ဖြိုးစေပြီး ဦးနှောက်နှင့်သက်ဆိုင်သောလုပ်ဆောင်ချက်များကိုလည်း ကောင်းမွန်စေသည်ဟုဆိုသည်။

***အင်တာနက်။***

# ရုရှားက ဥရောပတွင် ဒုံးပျံများချထားမည့် ခြိမ်းခြောက်မှုအား ရုပ်သိမ်း

**နိုက်(စ်)(ပြင်သစ်) နိုဝင်ဘာ ၁၅**

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် ဥရောပနယ်စပ်တွင် ဒုံးပျံများ ချထားမည်ဟု ခြိမ်းခြောက်ခြင်းကို သောကြာနေ့က ပြန်လည်ရုပ်သိမ်းခဲ့သည်။ သို့သော် အမေရိကန်ပြည်ထောင်စုသမ္မတအဖြစ် ရွေးချယ်ခံထားရသော ဘာရက်အိုဘားမားအနေဖြင့် လာမည့်နွေရာသီ၌ ကျင်းပမည့် ဥရောပ လုံခြုံရေးညီလာခံတွင် ရုရှားနှင့် ပြင်သစ်တို့က တောင်းဆိုထားရာ၌ အမေရိကန်လည်း ပါဝင်လက်တွဲရမည်ဟု ဆိုသည်။

ပြင်သစ်သမ္မတ နီကိုလပ်စ် ဆာကိုဇီကအိမ်ရှင်အဖြစ်လက်ခံကျင်းပသော လွန်ခဲ့သော ရက်သတ္တပတ်ကနိုက်စ် ဆွေးနွေးပွဲတွင် မစ္စတာမက်ဗီဒက်ဗ် ပြောကြားခဲ့သော ရန်လိုသည့် မိန့်ခွန်းကို ၎င်းကပြန်လည်ရုပ်သိမ်းခဲ့သည်။ အဆိုပါမိန့်ခွန်းကို မစ္စတာအိုဘားမား အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး နာရီအနည်းငယ်အကြာတွင် ပြောကြားခဲ့သည်။

မက်ဗီဒက်ဗ်က လာမည့်နွေရာသီ ဥရောပ လုံခြုံရေး ဆွေးနွေးခြင်း မပြုမီ နိုင်ငံအားလုံးက တစ်ဖက်သတ်ဆောင်ရွက်ကြခြင်းမပြုရန် သောကြာနေ့က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံအကြားဆွေးနွေးပွဲတွင် သဘာပတိအဖြစ်ဆောင်ရွက်သော အီးယူဥက္ကဋ္ဌ ပြင်သစ်သမ္မတ ဆာကိုဇီသည် မစ္စတာမက်ဗီဒက်ဗ်အား ရန်လိုသော မိန့်ခွန်းကို ရုပ်သိမ်းရန် ကူညီညှိနှိုင်းပေးနိုင်ခဲ့သည်။

ပြင်သစ်သမ္မတသည် ဥရောပလုံခြုံရေးပုံစံသစ်တစ်ခု ရေးဆွဲရေးအတွက် ဆွေးနွေးရန် အယူအဆကို ထောက်ခံသည်။ ထိုဆွေးနွေးပွဲကို ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့က ကမကထပြု၍ ဇွန် သို့မဟုတ် ဇူလိုင်တွင် ကျင်းပရန် အကြံပြုသည်။

ထိုအဖွဲ့တွင် ရုရှားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ***အင်တာနက်။***



**ဥရောပသမဂ္ဂနိုင်ငံများ ဆွေးနွေးပွဲမကျင်းပမီ ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီ(ဝဲ)က ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်အား ကြိုဆိုနှုတ်ဆက်နေသည်ကို နိုဝင်ဘာ ၁၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်ငါးဖမ်းသင်္ဘောပြန်ပေးဆွဲခံရ

**နိုင်ရိုဘီ နိုဝင်ဘာ ၁၅**

ကင်ညာနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ကြာသပတေးနေ့ ညနေခင်းပိုင်းက လက်နက်များကိုင်ဆောင်ထားသော ပင်လယ်ဓားပြများသည် တရုတ် ငါးဖမ်းသင်္ဘောတစ်စင်းကို ပြန်ပေးဆွဲသွားကြောင်း၊ ဆိုမာလီနိုင်ငံတောင်ပိုင်း ဆိပ်ကမ်းမြို့တော် ကစ်မန်ယူ၏ ကမ်းခြေအလွန်တွင် ဖမ်းဆီးထားကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ပြန်ပေးဆွဲခံရသော သင်္ဘောကို တိုင်ရှန်ကျင်းအိုရှင်းဖစ်ရှင်းကုမ္ပဏီမှ ပိုင်ဆိုင်သည်ဟုဆိုသည်။ ထိုသင်္ဘောပေါ်မှအဖမ်းခံထားရသော သင်္ဘောသား ၂၄ ဦးတွင် တရုတ်နိုင်ငံသား ၁၆ ဦး၊ ဂျပန်တစ်ဦး၊ ဖိလစ်ပိုင်သုံးဦးနှင့် ဗီယက်နမ် လေးဦးတို့ ပါဝင်ကြောင်း တရုတ်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်မှ သိရသည်။

***အင်တာနက်။***

## ကာ့ဒ်နှင့်အာရပ်မျိုးနွယ်စုများအကြား ဆက်ဆံရေး တင်းမာမှုသည် အီရတ်နိုင်ငံ၏ တည်ငြိမ်မှုကို ခြိမ်းခြောက်

**မိုဆူး နိုဝင်ဘာ ၁၅**

တိုက်ပွဲကြောင့် ချည့်နဲ့နုံးခွေနေပြီဖြစ်သည့် မိုဆူးမြို့တွင် ကာ့ဒ်မျိုးနွယ်စုများနှင့် အာရပ်မျိုးနွယ်စုများ၏ ရေနံပိုင်ဆိုင်မှုနှင့် အာဏာလုမှု အရှုပ်အထွေးများသည် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို များစွာခြိမ်းခြောက်လျက်ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကာ့ဒ်လူမျိုးများသည် မိုဆူးလ်မြို့တွင် ဌာနေလူဦးရေ၏ လေးပုံတစ်ပုံဖြစ်ပြီး သြဇာရှိသော လူနည်းစု၏ ကိုယ်စားလှယ်လည်းဖြစ်သည်။ သို့သော် ၎င်းတို့သည် အီရတ်နိုင်ငံမြောက်ပိုင်းတွင် အသေခံကားဗုံးဖောက်ခွဲခြင်းနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများကို လုပ်ဆောင် လျက်ရှိသေးသည်။

၂ ဒသမ ၈ သန်းရှိသော မိုဆူးမြို့ လူဦးရေ၏ ရာခိုင်နှုန်း ၆၀ မှာ ဆွန်နီအာရပ်များဖြစ်ကြပြီး ကာ့ဒ်မျိုးနွယ်စုများနှင့် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည်ဟုဆိုသည်။

မိုဆူးမြို့တွင် မျိုးနွယ်စုပေါင်းစုံတို့ စုဝေးနေထိုင်လျက်ရှိကြကာ အကြမ်းဖက်မှုတိုက်ပွဲများကြောင့် ပြီးခဲ့သည့်လအတွင်းက ခရစ်ယာန်ဘာသာဝင်များ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ထွက်ခွာသွားခဲ့ကြပြီး အချို့မှာ နောက်ပိုင်းတွင် နေရပ်သို့ ပြန်လာခဲ့ကြသည်။ ***အင်တာနက်။***






**မက်ဆိုင်မာရာ သဘာဝသစ်တောကြိုးဝိုင်းအတွင်း မာရာမြစ်ကို ဖြတ်ကူးလာသည့် မြင်းကျားကို မိချောင်းက သတ်ပုတ်နေသည်ကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ပါကစ္စတန် မျိုးနွယ်စုကျေးရွာအား ဒုံးကျည်ထိမှန် ၁၃ ဦး သေ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၅**

အမေရိကန်ပြည်ထောင်စု၏ မောင်းသူမဲ့ လေယာဉ်တစ်စင်းပေါ်မှ ပစ်ခတ်ဖွယ်ရှိဟန်တူသော ဒုံးကျည်လက်နက်သည် အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်အနီး ကျေးရွာတစ်ရွာကို ထိမှန်ရာ နိုင်ငံခြားသားစစ်သွေးကြွများအပါအဝင် အနည်းဆုံး ၁၂ ဦးသေဆုံးသည်။ ပါကစ္စတန်မျိုးနွယ်စုတို့ ဒေသမြောက်ဝါရီရစ္စတန်၊ တာလီဘန်နှင့် အယ်လ်ခိုင်ဒါတို့၏ ခြေကုပ်စခန်းတွင် အာဖဂန်ရှိ အမေရိကန်တပ်များကို တိုက်ခိုက်ရန် စီစဉ်နေဆဲတွင် တိုက်ခိုက်မှုဖြစ်ခဲ့ခြင်း ဖြစ်သည်။

**ထိမှန်**

ပါကစ္စတန်မျိုးနွယ်စုတို့၏ဒေသတွင် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်နှင့် သူ၏ လက်ထောက်အေမင်အယ်လ်ဇာဝါရီတို့ ပုန်းအောင်းနေသည်ဟု အမေရိကန်တို့က သံသယရှိနေသည်။ အာဖဂန်နစ္စတန်နယ်စပ်ဒေသမှ မိုင် ၂၀ ခန့်ဝေးသော ဂါရီဝမ်ကျေးရွာအတွင်းရှိ အိမ်တစ်လုံးကို ဒုံးကျည်နှစ်စင်း ထိမှန်ကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအရာရှိများက စောစောပိုင်းက ပြောကြားခဲ့ကြသည်။

**ဖယ်ရှား**

ထောက်လှမ်းရေးအရာရှိနှစ်ဦးက သေဆုံးသူအရေအတွက် ၁၂ ဦးထိရှိပြီး သေဆုံးသူများတွင် နိုင်ငံခြားသားစစ်သွေးကြွများဟု သံသယရှိသူများ ပါဝင်သည်ဟုဆိုသည်။ အခြားအရာရှိကမူ သေဆုံးသူ ၁၃ ဦးရှိပြီး နိုင်ငံခြားသား ၁၀ ဦးအထိပါဝင်သည်ဟုဆိုသည်။ တာလီဘန် လက်နက်ကိုင်များသည် ၎င်းအခင်းဖြစ်ရာနေရာကို ရှင်းလင်းလျက် အလောင်းများကို ဖယ်ရှားနေကြောင်း အခြားအရာရှိတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

# နိုင်ငံတကာသတင်းတိုများ

## အခြေခံဥပဒေပြင်ဆင်ခြင်းကို ရုရှားအောက်လွှတ်တော် အတည်ပြု

ရုရှားနိုင်ငံ အောက်လွှတ်တော်က သမ္မတသက်တမ်းနှင့် ပါလီမန်သက်တမ်းကို လေးနှစ်မှ ခြောက်နှစ် နှင့်ငါးနှစ်အထိ အသီးသီးတိုးမြှင့်ရန် အခြေခံဥပဒေပြောင်းလဲပြင်ဆင်ခြင်းကို နိုဝင်ဘာ ၁၄ရက်က အတည်ပြုပေးသည်။

အောက်လွှတ်တော်က ထောက်ခံမဲ ၃၈၈ မဲ၊ ကန့်ကွက်မဲ ၅၈ မဲဖြင့် အခြေခံဥပဒေပြင်ဆင်ခြင်းကို အတည်ပြုပေးခဲ့သည်။ ယင်းပြင်ဆင်ခြင်းသည် ပြည်ထောင်စုကောင်စီ၊ အထက်လွှတ်တော်နှင့် ဒေသဆိုင်ရာကိုယ်စားလှယ်များက အတည်ပြုပေးရန် လိုသေးသည်။ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က အောက်လွှတ်တော်သို့ အဆိုပါ ဥပဒေမူကြမ်းကို နိုဝင်ဘာ ၁၁ရက်က တင်သွင်းခဲ့သည်။

## ဟားမတ်စ် ဒုံးကျည်ဖြင့် တိုက်ခိုက်နေခြင်းကို အစ္စရေး သတိပေး

အစ္စရေးနိုင်ငံအနေဖြင့် ဟားမတ်စ်တို့၏ တာဝေးပစ်ဒုံးကျည် များဖြင့် ပစ်ခတ်တိုက်ခိုက်နေခြင်းအပေါ် ခွင့်လွှတ်သည်းခံလိမ့်မည် မဟုတ်ကြောင်း အစ္စရေးခေတ္တ ဝန်ကြီးချုပ် အီဟွတ်အိုမတ်က နိုဝင်ဘာ ၁၄ ရက်တွင် သတိပေးပြောကြားလိုက်သည်။

နိုဝင်ဘာ ၁၄ ရက်က ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ် စစ်သွေးကြွများ၏ ပစ်ခတ်မှုကြောင့် အစ္စရေးတို့၏ ပိုင်နက်အတွင်းသို့ တာဝေးပစ်ဒုံးကျည် ၁၆ စင်းထက်မနည်း ကျရောက်ပေါက်ကွဲခဲ့ရာ သက်ကြီးရွယ်အိုအမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းပစ်ခတ်မှုသည် အီဂျစ်တို့ကြားဝင်စေ့စပ်ပေးခဲ့သော ငါးလကြာ အပစ်အခတ် ရပ်စဲရေးကို ပိုမိုအလှမ်းဝေးသွားစေခဲ့သည်ဟု ဆိုသည်။

## အိန္ဒိယ လကမ္ဘာပေါ်သို့ ရောက်ရှိပြီ

အိန္ဒိယနိုင်ငံမှ လဆင်းယာဉ်(မွန်းအင်ပက်ပရုပ်)သည် ကမ္ဘာမှ ကီလိုမီတာ ၃၈၆၀၀၀ ပျံသန်းပြီးနောက် နိုဝင်ဘာ ၁၄ ရက် ညပိုင်းက လကမ္ဘာပေါ်သို့ ဆင်းသက်ခဲ့သည်။

အဆိုပါ လဆင်းယာဉ်သည် လကမ္ဘာ၏ ကြည်လင်ပြတ်သားပြီး လှပသော ဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့သည်။ ၎င်းအပြင် လေ့လာစမ်းသပ်မှုများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အိန္ဒိယ အာကာသလေ့လာရေးအဖွဲ့ အကြီးအကဲ မဟာဆန်နာယာက ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် လကမ္ဘာပေါ်သို့ ဆင်းသက်ခဲ့သော စတုတ္ထမြောက် နိုင်ငံဖြစ်လာခဲ့ပြီဖြစ်သည်။

## အမေရိကန် အာကာသလွန်းပြန်ယာဉ်လွှတ်တင်

နိုင်ငံတကာ အာကာသစခန်းတွင် လိုအပ်သော ပြုပြင်မှုများ ပြုလုပ်နိုင်ရန်အတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် လိုအပ်သော ပစ္စည်းကိရိယာများကို တင်ဆောင်ထားသည့် အမေရိကန် အာကာသလွန်းပြန်ယာဉ် အင်ဒီအက်ဗိုရာသည် အာကာသယာဉ်မှူး ခုနစ်ဦး လိုက်ပါလျက် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းမှ နိုဝင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၇ နာရီ ၅၅ မိနစ်တွင် လွှတ်တင်လိုက်ကြောင်း နာဆာရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

## ဘရာဇီး၌ ရဟတ်ယာဉ်ပျက်ကျ သုံးဦးသေဆုံး

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်း ဆီအာရာပြည်နယ်တွင် နိုဝင်ဘာ ၁၄ ရက်က ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သုံးဦးထက်မနည်း သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကာ နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းရဟတ်ယာဉ်သည် ရီအိုဂရင်းဒီဒယ်နော့တီပြည်နယ် နာတယ်မြို့မှ ဆီအာရာပြည်နယ် ဖော်တာလီဇာမြို့သို့ ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ထည့်သွင်းပြောကြားသည်။

## ဆစ်ဒနီတွင် တရုတ်အမျိုးသမီးနှစ်ဦး သေဆုံး

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အနောက်ဘက်ရှိ နေအိမ်တစ်ခု၏ ပထမထပ်အိပ်ခန်းအတွင်း၌ ယာယီဗီဇာဖြင့် နေထိုင်ကြသော အသက် ၂၀ကျော်နှင့် အသက် ၃၀ ခန့်ရှိ တရုတ်အမျိုးသမီးနှစ်ဦးတို့ ဓားဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရကြောင်း နိုဝင်ဘာ ၁၅ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

စုံစမ်းစစ်ဆေးမှုများအရ ၎င်းတို့သည် လွန်ခဲ့သော နှစ်ရက်ခန့်ကတည်းက ဓားထိုးခံခဲ့ရပြီး သေဆုံးခဲ့ရသည်ဟု ယူဆရကြောင်းနှင့် ဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စုစည်းရေးသားသူ-စိုးစိုးနိုင်**

# လူလည်းလှ စိတ်လည်းလှ

## ယုဝတီခင်ဦး

"သွေးတိုးရောဂါဆိုတာ ဘာလဲကြီးကြီးမေ"

"သွေးတိုးတယ်ဆိုတာက အမျိုးမျိုးရှိတယ်သမီးရဲ့၊ တစ်မိုင် နှစ်မိုင်လောက် ပြေးလွှားမယ်၊ တစ်ထိုင်တည်းစကားတွေ မရပ်မနား ပြောမယ်။ စာတွေ တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ဖတ်မယ်။ ပြီးတော့ ရုတ်တရက် သွေးတိုင်းကြည့်လိုက်မယ်ဆိုရင် သွေးတိုးတက်တာပဲ၊ တကယ်တော့ သွေးတိုးတယ်၊ ကျတယ်ဆိုတာ အလုပ်သိပ်များရင်၊ ခေါင်းရှုပ်ရင်၊ စိတ်လှုပ်ရှားရင် သွေးတိုးချင်တိုးမယ်၊ သွေးကျချင်ကျမယ်"

"ဒါဖြင့်ရင် ကြီးကြီးမေ လူတစ်ယောက်နဲ့ တစ်ယောက် သွေးတိုင်းကြည့်ရင် အခြေအနေအရ မတူဘူးပေါ့နော်"

"ဟုတ်တယ် သမီး။ ဒါပေမယ့် သွေးတိုးတာက မကျဘဲ အမြဲတက်နေရင်တော့ ဂရုစိုက်ရလိမ့်မယ်၊ သွေးတိုးရောဂါဆိုတာ နှလုံးသွေးကြောရောဂါနဲ့ ပိုဆိုင်တယ်။ နှလုံးသွေးကြော ရပ်တာတို့၊ လေဖြတ်တာတို့ ဖြစ်နိုင်တာပေါ့"

တူမလေး နွယ်နီသည် ညနေတိုင်းလိုပင် ကန်တော်ကြီးသို့ လမ်းလျှောက်ရန် ကြီးတော်ကို လာခေါ်ပြီး မေးခွန်းများ မြောက်မြားစွာ မေးတတ်ပါသည်။

"သွေးတိုးတယ်ဆိုတာ သွေးက အရှိန်နဲ့ သွေးကြောရဲ့နံရံကို တွန်းပြီးတော့ မော်တော်ကားတာယာထဲမှာ လေဖိအားဝင်သလို သွေးကြောတွေထဲမှာ ဖိအားနဲ့ဝင်လာတာပေါ့နော်၊ တကယ်လို့ လေဖိအား သိပ်များပြီးတော့ တာယာတစ်လုံးကို လေဖိအား သိပ်များများထိုးရင် ပျက်စီးသွားသလို သွေးကြောတွေထဲမှာ သွေးဖိအားများလာရင် နှလုံးရောဂါနဲ့ လေဖြတ်တာတွေ ဖြစ်သွားမယ် ထင်တယ်နော် ကြီးကြီးမေ"

ကျွန်မတို့ တူဝရီးနှစ်ယောက်သည် ဆောင်းဝင်လာခါစ လေချိုအေးနဲ့အတူ ကန်တော်ကြီးတစ်လျှောက်တွင် လမ်းလျှောက်လာရင်း သွေးတိုးရောဂါအကြောင်း အမေးအဖြေလုပ်လာကြသည်။

"သွေးတိုးတယ်ဆိုတာ နှစ်မျိုးရှိတယ်။ အပေါ်သွေးလို့ခေါ်တဲ့ (Systolic Pressure)ဟာ နှလုံးခုန်တဲ့အချိန်မှာ နှလုံးထဲမှာ သွေးတွေပြည့်လာစေတယ်။ ဒုတိယသွေးအားကိုတော့ (Diastolic Pressure) အောက်သွေးလို့ခေါ်တယ်။ အဲဒါကတော့ နှလုံးကမခုန်ဘဲ နားနေတဲ့အချိန်မှာ သွေးကြောထဲမှထွက်လာတဲ့ အောက်သွေးဖြစ်တယ်"

"ကြီးကြီးမေ ဒါဖြင့် လူတစ်ယောက်မှာ နေကောင်းနေရင် အပေါ်သွေး အောက်သွေး ဘယ်လောက်ရှိသလဲ"

တူမလေးက လက်ကလေးနှစ်ဖက်ကို ရှေ့နောက်လွှဲ၍ လေကိုခပ်ပြင်းပြင်း ရှူရှိုက်ရင်း မေးပါသည်။

"ကျန်းမာတဲ့ကလေးတစ်ယောက် ဥပမာ-မွေးစကလေးမှာ အပေါ်သွေး ၉၀၊ အောက်သွေး ၆၀ ရှိတယ် (၉၀/၆၀)။ ကျန်းမာတဲ့ လူတစ်ယောက်မှာဆိုရင် အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀(၁၂၀/၈၀)၊ ပြီးတော့ အပေါ်သွေး ၁၄၀၊ အောက်သွေး ၉၀ ရှိနေရင် တချို့ကတော့ သွေးနည်းနည်းတိုးချင်လာတယ်လို့ ပြောကြတယ်။ အောက်သွေး ၉၀ က တစ်ခါတလေမှ ဖြစ်တာမဟုတ်ဘဲ အမြဲတမ်း ဖြစ်နေမယ်ဆိုရင် ဆရာဝန်တွေအနေနဲ့ သဘောမကျဘူး။ ဆေးသောက်ဖို့ အကြံဉာဏ်ပေးတတ်တယ်"

"ဒါဖြင့် ကြီးကြီးမေ တချို့လူမှာ အပေါ်သွေး၂၀၀၊ အောက်သွေး ၁၂၀ ဖြစ်လာရင်ရော"

"ဟာ အဲဒါဆို အမြန်ဆုံး ဆေးကုသရမှာပေါ့နွယ်နီ။ တချို့ ဆီးချိုသမားမှာဆိုရင် အပေါ်သွေး ၁၃၅၊ အောက်သွေး ၈၀နဲ့တင် ဆေးကုသမှုခံယူကြရတယ်။ တချို့လူတွေမှာ အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀ ထက် များလာရင် ဆေးကုသမှု ပေးကြရတယ်"

သွေးတိုးရောဂါသည် သွေးကြော၊ ဦးနှောက်၊ မျက်စိ၊ ကျောက်ကပ်တို့ကို ထိခိုက်စေတတ်သည်။ သွေးတိုးရောဂါ ရှိနေသော်လည်း ရှိမှန်းမသိ၍ လေဖြတ်ခြင်း၊ နှလုံးရောဂါရခြင်း၊ မျက်လုံးဒုက္ခပေးခြင်း၊ ကျောက်ကပ်ရောဂါရခြင်းတို့ ဖြစ်လာကြသည်။ ထိုအခါတွင် အောက်သွေးမှာ ၁၃၀ ထက်ကျော်တတ်သည်။ သွေးတိုးရောဂါမှာ စောစောသိလျှင် စောစောကောင်းသည်။ ထို့ကြောင့် အသက်ငယ်သည် ကြီးသည်မဟုတ် (Blood Pressure) သွေးတိုး ရှိ၊ မရှိစမ်းသပ်ကြည့်သင့်သည်။

ကျွန်မတို့တူဝရီးနှစ်ယောက်သည် ထိုင်ခုံလေးတစ်ခုတွင်ထိုင်ရင်း နေဝင်ဆည်းဆာအလှကို ငေးမောကြည့်ရှုနေမိသည်။

"ကြီးကြီးမေ သွေးတိုးရောဂါဆိုတာ ဘယ်လိုလူမျိုးတွေမှာ ပိုဖြစ်တတ်သလဲ"

"မိသားစုထဲမှာ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါရှိရင် ကိုယ်ဝန်ဆောင်ရင်၊ ဒါမှမဟုတ် သန္ဓေတားဆေးသောက်ရင်၊ အသက်ခြောက်ဆယ်ကျော်ရင်၊ ကိုယ်အလေးချိန်များပြီး အဝလွန်ရင်၊ အရက်အများကြီး သောက်ရင်၊ ဆေးလိပ်သောက်ရင်၊ အချို၊ အငန်အများကြီးစားရင်၊ ဘာမှ အလုပ် မလုပ်ဘဲ အပျင်းထူနေရင်၊ ဥပမာလမ်းမလျှောက်ဘူး၊ အားကစားလဲ မလုပ်ဘူးဆိုရင် သွေးလေလည်ပတ်မှု မညီညွတ်ဘဲရောဂါရတာပေါ့။ စိတ်ဖိစီးမှုများနေရင်လဲ ဖြစ်တတ်တယ်။"

"ကြီးကြီးမေ သွေးတိုးရောဂါရှိရင်ဘယ်လိုဝေဒနာတွေ ပေါ်လာတတ်လဲ"

တူမလေးသည် အမေးအမြန်း ထူနေပါ၏။ သို့ရာတွင် သူ့မေးခွန်းတွေက မေးခွန်းကောင်းလေးတွေဖြစ်နေ၍ ကျွန်မလည်း လိုလိုလားလားစိတ်ရှည် လက်ရှည် ဖြေပြနေမိပါသည်။

"ခေါင်းကိုက်မယ်၊ ရင်ဘတ်အောင့်ပြီး နာမယ်၊ ရင်ထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်လာမယ်၊ နှာခေါင်းသွေးလျှံမယ်၊ ခြေလက်တွေ ထုံကျဉ်မယ်၊ မောပြီးချွေးထွက်မယ်၊ ခြေထောက်တွေ ကြွက်တက်မယ်၊ ရင်တုန်မယ်၊ ခဏခဏဆီးသွားမယ်၊ အဲဒီလိုတွေ ဖြစ်လာတာပေါ့ နွယ်နီရယ်"

တူမလေးနွယ်နီက"ကြီးကြီးမေ ရေပုလင်းပါလာတယ် ရေသောက်မလား"ဟုဆိုပြီး သူလွယ်ထားသော ရေသန့်ဘူးလေးကိုဖွင့်ကာ ရေတိုက်ပါသည်။

"ကြီးကြီးမေ အမောပြေသွားပြီနော်၊ အဲဒီ သွေးတိုးရောဂါမှာ သောက်ရတဲ့ဆေးတွေက တချို့ခေါင်းမူးတယ်၊ ခေါင်းကိုက်တယ်၊ ဝမ်းချုပ်တယ်လို့ သိရတယ်၊ အဲဒီလိုဖြစ်ရင် သူ့ကိုကြည့်တဲ့ဆရာဝန်က ဆေးပြောင်းပေးရမှာပေါ့နော်"

"မှန်တာပေါ့သမီး. . .၊ ကိုယ်ဝန်ဆောင်တွေမှာ သွေးတိုးရင် အရမ်းခေါင်းကိုက်မယ်၊ ခြေထောက်တွေလည်း ဖောရောင်မယ်၊ သူတင်မကဘူး၊ သူ့ဗိုက်ထဲက ကလေးပါ ကျန်းမာရေးထိခိုက်နိုင်တယ်၊ အန်ချင်ပျို့ချင်ဖြစ်ပြီးတော့ မျက်စိတွေလည်းပြာလာမယ်၊ ခေါင်းတွေလည်း ကိုက်မယ်၊ သတိလည်းမေ့မယ်ဆိုရင်၊ ဆရာဝန်ပေးတဲ့ဆေးလည်း မသောက်ဘူးဆိုရင်တော့ နှလုံးရောဂါရရင်ရ၊ မရရင်လေဖြတ်မှာပဲ"

နွယ်နီသည် ပခုံးကလေးနှစ်ဖက်တွန့်သွားသည်။

"Diastolic Pressure တကယ်လို့များ အောက်သွေးက ၁၃၀ အထိ ချက်ချင်းတက်သွားရင် အသက်အန္တရာယ် စိုးရိမ်ရတာပေါ့ သမီးရယ်၊ ကဲ. . . . ကဲ ဒီနေရာကလှည့်ပြီးပြန်ကြစို့"

ကျွန်မတို့သည် ပန်းကန်လုံးကျွန်းအနီးမှ အိမ်ပြန်ရန်လေရှူရင်း တဖြည်းဖြည်း လျှောက်လာခဲ့ပါသည်။

"ကြီးကြီးမေ ဒါဖြင့်ရင် သွေးမတိုးအောင် ဘယ်လိုလုပ်ကြရမလဲဟင်. . ." တူမလေးနွယ်နီက စိတ်ပါဝင်စားစွာ မေးပါသည်။

"ကျန်းမာရေးကောင်းစေချင်ရင် ဆေးလိပ်သောက်နေသူက ဆေးလိပ်ကို ဖြတ်ပစ်ရမယ်၊ အရက်ကိုလည်း လျှော့သောက်ရမယ်၊ ဝိတ်လျှော့ရမယ်၊ အစားမှန်ရမယ်၊ အရေးကြီးတာကတော့ မျှတတဲ့ အစားအစာ၊ ထမင်းဟင်းချက်တဲ့အခါ ဆားမငန်ရဘူး၊ ဆားလျှော့ထည့်၊ အဆီလျှော့၊ ဟင်းသီးဟင်းရွက် သစ်သီးများများစား၊ ငါးများများစား၊ ဗီတာမင်စီတို့ ကယ်လ်စီယမ်တို့ ဓာတ်သတ္တုတွေညီမျှအောင် စားရမှာပေါ့"

တူမလေးက "ကြီးမေ ကိုယ်လက်လှုပ်ရှားမှုက အရေးမကြီးဘူးလား"

ကျွန်မသည် သဘောကျ၍ ပြုံးလိုက်ပါသည်၊ "အဲဒါ အရေးကြီးဆုံးပေါ့၊ လမ်းမှန်မှန်လျှောက်ပေးရမယ်၊ အနည်းဆုံး နံနက်နာရီဝက်၊ ညနေနာရီဝက်တော့ လျှောက်သင့်တာပေါ့၊ နောက်တစ်ခုကတော့ လေ့ကျင့်ခန်း အချိန်မှန်မှန်လုပ်ဖို့လည်း အရေးကြီးတယ်။"

ကျွန်မသည် ရုတ်တရက်စကားဖြတ်၍ "နောက်တစ်ခုအရေးကြီးတာ ဘာရှိသေးလဲ"ဟု မေးလိုက်ရာ နွယ်နီသည် မျက်တောင်ကော့လေးကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ. . . .

"စိတ်ဖိစီးမှုဒဏ်ကရော အရေးမကြီးဘူးလားကြီးကြီးမေ"

ကျွန်မသည် သဘောကျစွာ ခေါင်းညိတ်လိုက်ပါသည်။ "အရေးကြီးတာပေါ့ သမီးရယ်၊ တရားထိုင်တာတို့၊ Yoga (ယောဂ) လေ့ကျင့်ခန်းတို့ လုပ်ပြီး စိတ်ကိုပျော်အောင်၊ အေးချမ်းအောင်၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ ကင်းဝေးအောင် နေထိုင်ဖို့လိုတာပေါ့"

"ကြီးမေ သွေးကျဆေးတွေ သောက်တဲ့အခါ သောက်လိုက်၊ ဖြတ်လိုက် လုပ်လို့ရသလား"

"ဆေးတစ်ခုကို ကလေးကစားသလို စမ်းသောက်လိုက်၊ ဖြတ်လိုက်လုပ်လို့ မရဘူး၊ ဆရာဝန်နဲ့ တိုင်ပင်ပြီးတော့ အမြဲသောက်ရင်လည်းသောက်ရမှာပဲ၊"

"ကြီးကြီးမေ နှလုံးရောဂါမရအောင်၊ သွေးမတိုးအောင် အစားအသောက် အနေအထိုင် ဘယ်လိုလုပ်ရမလဲ"

- "ကိုယ်စားတာကို ကိုယ်ကြည့်စားလေ၊ ဆား၊ အငန်နှင့် အဆီတို့ သင့်တင့်မျှတအောင် စားရမယ်၊ အကောင်းဆုံးကတော့ လျှော့စားဖို့ပေါ့။
- လေ့ကျင့်ခန်းများများလုပ်၊ အေရိုးဗစ်တို့ ဘာတို့လဲ ကစားပေါ့၊ နှလုံးနဲ့သွေးကြောတွေကလည်း အလုပ်မှန်မှန် လုပ်နိုင်တာပေါ့။
- တကယ်လို့ ဖက်တီးလေးဖြစ်လာရင် ကိုယ့်ကိုယ်ကိုယ် ချင့်ချိန်ပြီး လှပအောင်နေရမှာပေါ့၊
- ဆေးလိပ်သောက်တာတော့ လုံးဝမကောင်းဘူး၊ ဆေးလိပ်သောက်တဲ့ အကျင့်ရှိရင် ချက်ချင်းရပ်ပစ်လိုက်ရမယ်။
- ကဲ...သမီးရေ၊ သွေးတိုးရောဂါအကြောင်း ဒီလောက်ဆို နားလည်ရောပေါ့နော် ပြန်ကြစို့"

ကျွန်မသည် နွယ်နီ၏လက်ကလေးကို ဆုပ်ကိုင်ပြီး လက်တွဲကာ လမ်းလျှောက်လိုက်ပါသည်။

"အရေးကြီးတာကတော့ တူမလေးနွယ်နီရေ အစားအသောက်၊ အနေအထိုင် ကျန်းမာအောင်နေရမယ်၊ ရင်ထဲမှာ ဖြူစင်သန့်ရှင်းပြီး ပျော်ပျော်ရွှင်ရွှင်နေရမယ်၊ အဲဒီတော့ လူလည်းလှ စိတ်လည်းလှ ရင်ထဲမှာ မေတ္တာအပြည့်နဲ့နေရင် သွေးတိုးရောဂါဘေးကြီးက ကင်းဝေးသွားမှာပါပဲ"။ ။

**သွေးတိုးရောဂါသည် သွေးကြော၊ ဦးနှောက်၊ မျက်စိ၊ ကျောက်ကပ်တို့ကို ထိခိုက်စေတတ်သည်။ သွေးတိုးရောဂါ ရှိနေသော်လည်း ရှိမှန်းမသိ၍ လေဖြတ်ခြင်း၊ နှလုံးရောဂါရခြင်း၊ မျက်လုံးဒုက္ခပေးခြင်း၊ ကျောက်ကပ်ရောဂါရခြင်းတို့ ဖြစ်လာကြသည်။ ထိုအခါတွင် အောက်သွေးမှာ ၁၃၀ထက် ကျော်တတ်သည်။ သွေးတိုးရောဂါမှာ စောစောသိလျှင်စောစောကောင်းသည်။ ထို့ကြောင့် အသက်ငယ်သည် ကြီးသည်မဟုတ် (Blood Pressure) သွေးတိုး ရှိ မရှိ စမ်းသပ်ကြည့်သင့်သည်။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၁-၂၀၀၈ (တနင်္လာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ပရဟိတစိတ်ဓာတ်" တရားတော် (ဒုတိယပိုင်း) (ဆရာတော် အရှင်ဆန္ဒာဓိက) |
| ၇း၅၀ - ၁း၅၀ | ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း |
| ၈း၁၅ - ၂း၁၅ | Soccer Update |
| ၈း၃၀ - ၂း၃၀ | Fragrant Rice အပိုင်း (၁) |
| ၉း၀၀ - ၃း၀၀ | ပြည်သူ့အကျိုး မျှော်ရည်သန် မြန်မာ့စီးပွားရေးဘဏ် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | တံငါတံတား |
| ၉း၅၅ - ၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ - ၄း၀၀ | ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာ သမ္မာရဝတ်အသင်း၏ (၅၈) ကြိမ်မြောက် ရွှေစင်၊ ရွှေသား၊ ရွှေပြားသက်န်းအလှူတော် |
| ၁၀း၂၅ - ၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ - ၄း၃၀ | ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင် |
| ၁၀း၄၅ - ၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | Own Creative Fashion |
| ၁၁း၁၀ - ၅း၁၀ | ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း) |
| ၁၁း၃၀ - ၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅ - ၅း၃၅ | ရတနာစစ်တို့ရဲ့ ဘူမိနက်သန် |
| ၁၂း၀၀ - ၆း၀၀ | MRTV-4 ကျန်းမာရေးကဏ္ဍ (လေးဖက်နာရောဂါနှင့် လေးဖက်နာနှလုံးရောဂါအကြောင်း) (ပါမောက္ခ ဦးလှမြင့်ထွန်းနှင့် တွေ့ဆုံခြင်း) |
| ၁၂း၁၅ - ၆း၁၅ | မော်တော်ကားချစ်သူတို့အတွက် မော်တော်ကားမိတ်ဆက်ကဏ္ဍ |
| ၁၂း၄၀ - ၆း၄၀ | Yangon Panorama (သုခုမ စက်ရုပ်ဂီတဖျော်ဖြေပွဲ) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



# တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပုဂံမြို့သစ် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၆

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် နိုဝင်ဘာ ၆ရက် နံနက် ၈နာရီတွင် ညောင်ဦးမြို့ မြို့မဈေးကြီးအနောက်ဘက်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ယခင်ရေစီးမြောင်းအား ပြုပြင်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ ပုဂံမြို့ ခန်းလတ်ရပ်ကွက်၌ မန္တလေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်ပြီး ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းဆိုင်းဘုတ်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။** (ဓါတ်ပုံ) **ထို့နောက် စက်ခန်းအတွင်းရှိ တယ်လီဖုန်းဖြင့် စမ်းသပ်ခေါ်ဆိုပြီး စက်ခန်းများအတွင်း စက်များတပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။**

ယခုအိတ်ချိန်းသစ်သည် လိုင်းအင်အား ၅၀၀ တပ်ဆင်ထားကာ ထပ်မံ၍ လိုင်းအင်အား ၁၃၉၀ထိတိုးချဲ့တပ်ဆင်နိုင်သည်။ အဝင်/အထွက်ခေါ်ဆိုမှု (Both Way)စနစ် အသုံးပြုဆောင်ရွက်ထားခြင်းဖြစ်ပြီး မန္တလေးတိုင်းအတွင်း ၄၁ခုမြောက် ဒစ်ဂျစ်တယ် အော်တို အိတ်ချိန်းဖြစ်ကာ ကုန်ကျငွေမှာ ကျပ် ၂၈၃သန်း ကုန်ကျခဲ့ကြောင်း သတင်းရရှိသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ညောင်ဦးမြို့ ရွှေတွင်းကျေးရွာ တောင်သူ ဦးအောင်မင်း၏ လယ်မြေ စံပြ ငါးဧကတွင် စံပြကွက်ရိုက်သိမ်းမှုနှင့် စပါးပြီးစပါး အဖြစ် ထွန်းသီရိမျိုးစပါးများ စိုက်ပျိုးရန် လယ်ယာ (၁၆) ဖြင့် မြေပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညောင်ဦးခရိုင်အတွင်း မိုးစပါးစိုက်ပျိုးရန် ၁၀၄၃၄ ဧက လျာထားခဲ့ရာ ၁၀၄၄၄ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ယနေ့ရိတ်သိမ်းခြွေလှေ့သည့် စံပြကွက်၌ တစ်ဧက စပါး ၁၀၉ ဒသမ ၁၇တင်း ထွက်ရှိကြောင်းသိရသည်။

ထို့နောက် တိုင်းမှူးသည် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိကြပြီး နွေရာသီတွင် မြစ်ရေများ စဉ်ဆက်မပြတ် စုပ်ယူနိုင်ရေးအတွက် သောင်ထွန်းနေသော နေရာများအား သောင်စုပ်စက်ကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**✻ ကျောဖုံးမှ**

မော်တော်ကားလမ်းက အတက်အဆင်း အကွေ့အဝိုက် များလာသည်။ စပါးခင်းအချို့ကို တွေ့လာရသည်။ မိုးကောင်းသောက်၊ ဆည်ရေသောက် လယ်များနှင့် ယာမှလယ်ပြောင်း စိုက်ကွက်များဖြစ်သည်။

အရာတော်မြို့နယ် အရှေ့ဘက် မြေနက်ကျေးရွာတွင် ခရီးဆုံးပါသည်။ မြေနက်ကျေးရွာမှ လယ်သူမကြီးတစ်ဦး၏ လယ်ကွင်းအတွင်းရှိ သဘာဝ ရေလျှံတွင်းကို လေ့လာကြသည်။

ရေလျှံတွင်းအနီးရှိ အဆောက်အအုံ၌ပင် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန စစ်ကိုင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေကိုက အရာတော်မြို့နယ်မှ ရေလျှံတွင်းများ တူးဖော်ခဲ့မှုနှင့် ပတ်သက်၍ရှေးဦးစွာ ပြောကြားရာတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ်၏ အရှေ့ဘက်ခြမ်းသည် ဘူမိအနေအထားအရ ရွှေဘို- အရာတော်ချိုင့်ဝှမ်းဒေသတွင် တည်ရှိပြီး ဇလဘူမိဗေဒဆိုင်ရာ လေ့လာ တိုင်းတာချက်များအရ တန်ဖိုးမဖြတ်နိုင်သော မြေအောက်ရေ စုဖွဲ့ခိုအောင်းရာ ဒေသကြီးတစ်ခုဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ သဘာဝအလျောက် တည်ရှိနေသော အခြေအနေကောင်းများကို လေ့လာသုံးသပ်ပြီး အရာတော်မြို့နယ် အိုင်လျှားရွာ ပတ်ဝန်းကျင်ဒေသနှင့် အရာတော် ရေလျှံဇုန်ဒေသတွင် ရေလျှံတွင်းများ တူးဖော်ပေးခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

**ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန စစ်ကိုင်းတိုင်းရုံးမှလက်ထောက် ညွှန်ကြားရေးမှူး ဦးရွှေကိုအရာတော် မြို့နယ် ရေလျှံ တွင်းတူးဖော်မှုများကို ရှင်းလင်းပြောကြားစဉ်။**



ဤဒေသတွင် ၂၀၀၅ ခုနှစ် မေလ ၇ရက်၌ အစမ်းတွင်း တူးဖော်အောင်မြင်ပြီး ယနေ့အထိ ရေလျှံတွင်းပေါင်း ၂၂ တွင်းတူးဖော်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တူးဖော်ပြီးရေလျှံတွင်း ၂၂ တွင်းမှ ထွက်ရှိသောရေဖြင့် အရာတော်မြို့နယ်တွင် မိုးစပါး ၇၀၂ ဧကနှင့် နွေစပါး ၃၃၅ ဧက စိုက်ပျိုးလာနိုင်ကြောင်း၊ ရေလျှံတွင်းများတူးဖော်ပေးခြင်းဖြင့် စွမ်းအင်မလိုအပ်ဘဲသဘာဝအလျောက် ရေလျှံထွက်နိုင်သော မြေအောက် ရေလျှံတွင်းများကို အကျိုးရှိစွာ တူးဖော်အသုံးပြုနိုင်ခြင်းဖြင့် လယ်ယာကုန်ထုတ်လုပ်မှု စရိတ်များစွာသက်သာစေခြင်း၊ ဒေသတစ်ခုလုံး နှစ်ပတ်လည် စိမ်းလန်းစိုပြည်စေခြင်း၊ သီးထပ်စွမ်းအား တိုးတက်မြင့်မားလာစေခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တောင်သူများ ဝင်ငွေတိုးတက်လာစေခြင်းနှင့် အရာတော်မြို့နယ်သည် မိုးနည်းရေရှားဒေသဖြစ်သဖြင့် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးနေရာမှ ရေရရှိလာသဖြင့် ဝမ်းစာဖူလုံရေးအတွက် စပါးစိုက်ပျိုးလာနိုင်ခြင်းတို့မှာ ရရှိသော အကျိုးကျေးဇူးများ ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကြေးမုံသတင်းအဖွဲ့သည် ရေလျှံတွင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ မြေနက် ကျေးရွာ ရေလျှံတွင်းကို ၂၀၀၅ခုနှစ် ဇူလိုင် ၁၃ရက်တွင် စတင်တူးဖော်ခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် ပြီးစီးခဲ့သည်။ တွင်းအနက် ၁၄၁၅ပေရှိပြီး ရေထွက်နှုန်းမှာ တစ်နာရီလျှင် ဂါလန် ၂၁၀၀၀ ဖြစ်ကြောင်းသိရသည်။

လက်ထောက် ညွှန်ကြားရေးမှူး ဦးရွှေကိုက ဆက်လက်ရှင်းလင်းရာတွင် ရေလျှံတွင်းမှ ထွက် ရှိလာသော ရေများကို အလျား ၂၀၀' × ၂၀၀' အနံနှင့်အမြင့် ရှစ်ပေစီရှိကန်များ တည်ဆောက်စုယူကာရေသွယ်မြောင်းမှတစ်ဆင့် လယ်ကွက်များအတွင်း သွယ်ယူပြီး ကွက်ဆင့်သောက်စနစ်ဖြင့် ရေဖြန့်ဝေပေးကြောင်း၊ ရေလျှံတွင်းတစ်တွင်းမှ အနည်းဆုံးလယ် ဧက ၅၀ ပေးနိုင်ပြီး အချို့တွင်းများမှာ ဧက ၈၀ အထိ နွေ/မိုးစပါးစိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးရေအသုံးပြုရာမှ ပိုလျှံသောရေများကို အခြားတစ်နေရာတွင် ၁၅ဧက အကျယ်ရှိ ရေစုကန်အဖြစ် ထားရှိကာ ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေအဖြစ် အသုံးပြုကြောင်း။

ယခုတွင်းတွင် 2KV အင်အားရှိ ရေလျှံတွင်းရေအားသုံး တာဘိုင်စက် တပ်ဆင်ကာ အိမ်သုံးအဖြစ် လျှပ်စစ်ဓာတ်အားကို ထုတ်ယူနိုင်ကြောင်းဖြင့် ပြောကြားသည်။



**မြေအောက်ရေ၏ တွန်းကန် အားကြောင့်အထက်ပေ ၂၀ အထိ ရေ ပန်းထွက်နေ သည် ကို တွေ့ရစဉ်။**

ကြေးမုံသတင်းအဖွဲ့သည် မြေနက်ကျေးရွာမှ ရေလျှံတွင်းရေသောက် လယ်သူမကြီး ဒေါ်ပြုံးနှင့် တွေ့ဆုံခဲ့သည်။ ဒေါ်ပြုံး၏ လယ်မြေအတွင်း၌ ရေလျှံတွင်းကို တူးဖော်ထားခြင်းဖြစ်သည်။

**ဝမ်းစာလည်းလုံလောက်လာပြီး ရွှံ့နှစ်ရည်သောက်ခဲ့ရသည့်ဘဝမှ ကင်းလွတ်ရ၍ အတိုင်းမသိ ဝမ်းမြောက်။**

*(ဒေါ်ပြုံး၊ မြေနက်ကျေးရွာ)*



လယ်သူမကြီး ဒေါ်ပြုံးက မိမိသည် အသက်(၅၇)နှစ်ရှိပြီဖြစ်ကြောင်း၊ယခုမြင်တွေ့နေရသော စပါးခင်းမှာ မိမိပိုင်ဖြစ်ပြီး ၇ဒသမ ၇ဧက ရှိကြောင်း၊ ရေလျှံတွင်းမတူးဖော်နိုင်မီက ယာမြေများဖြစ်ပြီး နှမ်း၊ ပြောင်းနှင့် ဝါတို့ကို ရာသီအလိုက်စိုက်ခဲ့ရကြောင်း၊ ယခုတော့ ဆောင်းမြေပဲနှင့် နွေစပါး၊ မိုးစပါး စိုက်နိုင်ပြီဖြစ်ကြောင်း၊ ဆင်းနွယ်ရင်နှင့် မနော်ဟရီစပါးများ စိုက်ကြောင်း၊ မိုးစပါးအထွက် တစ်ဧက ၇၅တင်းနှင့် နွေစပါးမှာ တင်း ၈၀ခန့်ရကြောင်း၊ ရေလျှံတွင်းကြောင့် စပါးစိုက်ဖြစ်သည်မှာ လေးနှစ်ရှိပြီဖြစ်ကြောင်း၊ ဝမ်းစာလုံလောက်လာပြီး ရွှံ့နှစ်ရည်သောက်ရသည့်ဘဝမှ ကင်းလွတ်လာ၍ အတိုင်းမသိ ဝမ်းမြောက်ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားသည်။

ဒုတိယတွေ့ဆုံသူမှာ ဦးညက်ဦး ဖြစ်သည်။

ဦးညက်ဦးက မိမိမှာ မြေနက်ရွာသားဖြစ်ပြီး အသက် ၃၄နှစ် ရှိပြီဖြစ်ကြောင်း၊ ယာမြေအချို့ရှိကြောင်း၊ ဤရေလျှံတွင်းအနီး၌ မြေတစ်ဧကခွဲရှိ၍ လယ်စိုက်ဖြစ်ကြောင်း၊ စပါးနှစ်သီး စိုက်နိုင်၍ ဝမ်းစာရကြောင်း၊ စပါးနှစ်သီး စိုက်ပြီးလျှင် သီးထပ်အဖြစ် မတ်ပဲစိုက်ကြောင်း၊ မိမိကိုယ်တိုင် စပါးစိုက်လာနိုင်၍ ဆန်ဖူလုံသည့်အပြင် နွားစာအတွက် ကောက်ရိုးပါ လုံလောက်ကြောင်း၊ သောက်သုံးရေ မလုံလောက်သည့် ဒုက္ခမှလည်း ကင်းဝေးရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းသာပါကြောင်းဖြင့် ပြောကြားသည်။



**မိမိကိုယ်တိုင် စပါးစိုက်ပျိုးနိုင်လာ၍ ဝမ်းစာဖူလုံပြီး နွားစာကောက်ရိုးပါ လုံလောက်လာ။**

*(ဦးညက်ဦး၊ မြေနက်ရွာ)*

ကြေးမုံသတင်းအဖွဲ့သည် ရေလျှံတွင်းမှခွာကာအဆောက်အအုံအတွင်း ပြန်ရောက်ကြသည်။ အဆောက်အအုံအတွင်းမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်ရာတွင် စိမ်းလန်းသော စပါးခင်းတို့က တစ်ပြင်တစ်ခွင်၊ ရေလျှံတွင်းမှ မြေအောက်ရေတွန်းကန်အားကြောင့် လေးလက်မပိုက်မှ အထက်ပေ ၂၀အထိ ပန်းထွက်နေသော ရေပန်းမှ ဖြာထွက်နေသော ရေမှုန်တို့ကို နေခြည်ပက်သဖြင့် သက်တံရောင်သွေး တစ်ခုသဖွယ် ရောင်စဉ်ဖြာနေသည်။ ရွှေကိုမလို ရေကိုသာလိုသော အရာတော်သားတို့အတွက် သဘာဝကပေးသော လက်ဆောင်မှာ အဖိုးမဖြတ်နိုင်လောက်အောင်ပင်ဖြစ်သည်ဟု ဆိုရတော့မည်။

**○ မျိုးဗီဇမှ**

ယင်းကဲ့သို့ ရက်သတ္တပတ် ၂၀ကြာမျှ ကျွဲမွေးစောင့်ကြည့် လေ့လာခဲ့ရာတွင် မျိုးဗီဇပြောင်းလဲထားသော ပြောင်းဆန်ကို စားသုံးသည့် ကြွက်များသည် မျိုးပွားမှုစွမ်းပကား ကျဆင်းသွားခြင်းနှင့် သားပေါက်လာသည့် ကြွက်ငယ်များမှာ ခန္ဓာကိုယ်ကြုံလှီခြင်းတို့ရှိသည်ကို တွေ့ရကြောင်း ပါမောက္ခ ဂျာဂင်က ပြောကြားသည်။ ***အင်တာနက်။***

# ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ရွှေတိဂုံအရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည့်ရက်မတိုင်မီ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၏ အမည်စာရင်းနှင့် (၂၀၀၆-၂၀၀၇) (၂၀၀၇-၂၀၀၈)ခုနှစ် ပညာသင်နှစ်အတွင်း အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများသည် မိမိတို့၏ ကျောင်းထောက်ခံချက် အမှတ် စာရင်းများကို အသင်းတိုက် အမှတ်(၂၀၃)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဦးညွှန့်မြင့် ဖုန်း-၃၈၃၅၂၄၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇နှင့် ဦးစန်းအောင် ဖုန်း-၅၇၇၇၂၉၊ ဦးမျိုးဟန် ဖုန်း-၅၇၀၄၇၉၊ ဦးမြင့်စိန် (ကျောင်းကုန်းဌာနေ) ၀၄၆-၄၀၃၀၀တို့သို့ ဆက်သွယ်ပေးပို့ကြရန် အကြောင်း ကြားထားသည်။ (ကြေးမုံ)

☆ **ရှေ့ဖုံးမှ**

လူမှုရေး အသင်းအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွား အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် စက်ရုံမုခ်ဦးရှေ့၌ နေရာယူကြသည်။

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ China Metallurgical (Group) Corporation မှ Vice President Mr. Xu Xiangchun နှင့်စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း) စက်ရုံစုမှူး ဦးရည်မွန်တို့က တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း) မုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၌ တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ စက်ရုံမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)အတွင်း ပျော့ဖတ်ဖျော်စက်ဖြင့် ပျော့ဖတ် ပြုလုပ်နေမှု၊ သစ်ပွပျော့ဖတ်ချပ်များ ပြသထားမှု၊ ဓာတုဆေးရည် နမူနာများနှင့် ရောစပ်မှု၊ အချိုးအစားအမျိုးမျိုးဖြင့် ထုတ်လုပ်ထားသော စက္ကူချောနမူနာများ ပြသထားမှု၊ စက်ရုံမှ ထုတ်လုပ်သော စက္ကူအရည်အသွေးကို မိတ္တူကူးစက်ဖြင့် စမ်းသပ်စစ်ဆေးပြသမှု၊ စက္ကူဖြတ်စက်ဖြင့် A-Series ဆိုက် စက္ကူများ ဖြတ်နေမှုနှင့် စက္ကူမျက်နှာပြင်ကြွေဆေးကော်တင်စက်ဖြင့်ကော်တင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တန်(၂၀၀)စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)အတွင်း ပျော့ဖတ်ချပ်နှင့် စက္ကူအကြမ်းထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ပျော့ဖတ်ချပ်နှင့် စက္ကူအကြမ်းများကို ကွန်တိန်နာများအတွင်းသို့ ထည့်သွင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုန်ကြမ်းဝါးများကို တစ်လက်မအရွယ် ဝါးဖြတ်စများ ပြုလုပ်နေမှု၊ ဝါးသိုလှောင်ကွင်းအတွင်း ကုန်ကြမ်းဝါးများစုဆောင်းထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဝေန်မြစ်ကမ်းဘေးရှိ စက်ရုံဝါးဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ဝါးများကို ဇက်ရေယာဉ်ပေါ်မှ ကားပေါ်သို့ ဝန်တင်စက်ကြီးများဖြင့် တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝါးတင်ဆိပ်ကမ်း၌ ပျော့ဖတ်များ ထည့်သွင်းထားသည့် ကွန်တိန်နာများကို ရန်ကုန်သို့ တင်ပို့နိုင်ရေးအတွက် ဝန်တင်စက်ဖြင့် သင်္ဘောပေါ်သို့ တင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တစ်နေ့တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ ရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက စက်ရုံတည်နေရာ၊ တစ်နေ့တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ ပြည်တွင်းတွင် တစ်ရက် စက္ကူလိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်မှု၊ ပြည်ပမှ တင်သွင်းမှု၊ ထုတ်လုပ်သည့် ကုန်ချောစက္ကူများနှင့် အဓိက ကုန်ကြမ်းလိုအပ်မှု၊ ဝန်ထမ်းအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

## စိုက်ပျိုးပြီးစီး

ယင်းနောက် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က တစ်နေ့ တန်(၅၀)အဆင့်မြင့်စက္ကူစက်နှင့် တစ်နေ့ တန်(၂၀၀)ပျော့ဖတ်စက်ရုံတို့၏ ထုတ်လုပ်မှု နည်းစနစ်များ၊ စက်ပစ္စည်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ဝါးကုန်ကြမ်းရရှိမှုနှင့် ဝါးစိုက်ခင်းများ စိုက်ပျိုးမှု၊ သစ်စိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်များအားလုံး စက်







စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်ရုံ
(Operating Ratio)တိုးတက်ကောင်းမွ
တိုးချဲ့ထုတ်လုပ်ရေး၊ အသုံးစရိတ်ကို စိစ
(Cost of Production)ကို လျှော့ချသွ
ထုတ်ကုန်များကို သုံးစွဲသူ စိတ်ကြိုက်
Survey လုပ်ပြီးပြုပြင်ရမည်များကို ပြု
အစားဖြစ်၍ ပတ်ဝန်းကျင် ညစ်ညမ်းမှု
ရေးကို စနစ်တကျ အမြဲတမ်း ဆောင်ရွက်
ဝါးများလုံလောက်စွာရှိရေးအတွက် သစ်
ပြီး ဆောင်ရွက်ရေးနှင့် စက်ရုံလုံခြုံရေး
လုံခြုံရေး၊ မီးဘေးလုံခြုံရေး စသည့် စီ
ဝန်ထမ်းအားလုံး အသိ၊ သတိရှိရေး စစ်
မှာကြားသည်။

## ရင်းရင်းနှီးနှီး

ဆက်လက်၍ ဝန်ကြီးချုပ်က တရုတ်
လက်ဆောင်ပစ္စည်းကို လည်းကောင်း၊

☆ တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း)သည် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ၌ တည်ရှိ။

☆ စက်ရုံမှ တစ်နေ့ တန်(၅၀)ကျ အဆင့်မြင့်စက္ကူများ ထုတ်လုပ်လျက်ရှိရာ မြန်နှုန်းမြင့် စက္ကူ၊ မိတ္တူကူး စက္ကူနှင့် ကွန်ပျူတာသုံး ပုံနှိပ်စက္ကူ တစ်နေ့လျှင် ၃၅ တန်၊ နှစ်ဖက်ချော အဆင့်မြင့် စက္ကူပါးနှင့် ကြွေရောင်စက္ကူ တစ်နေ့လျှင် ၁၅ တန် ထုတ်လုပ်လျက်ရှိ။





**ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)ကို ဝေဟင်မှတွေ့ရစဉ်။**
(သတင်းစဉ်)





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တန်(၂၀၀) စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်ရုံ၏ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး (Operating Ratio)တိုးတက်ကောင်းမွန်ရေး၊ ထုတ်ကုန်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရေး၊ အသုံးစရိတ်ကို စိစစ်ချွေတာ၍ ကုန်ထုတ်လုပ်မှုစရိတ် (Cost of Production)ကို လျှော့ချသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်ကုန်များကို သုံးစွဲသူ စိတ်ကြိုက်ဖြစ်ရန် ထုတ်လုပ်နိုင်ရေးအတွက် Survey လုပ်ပြီးပြုပြင်ရမည်များကို ပြုပြင်ရေး၊ ဓာတုဗေဒ စက်ရုံအမျိုးအစားဖြစ်၍ ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ရအောင် ကာကွယ်တားဆီးရေးကို စနစ်တကျ အမြဲတမ်း ဆောင်ရွက်ရေး၊ သုံးစွဲသော ကုန်ကြမ်းသစ်နှင့် ဝါးများလုံလောက်စွာရှိရေးအတွက် သစ်နှင့် ဝါးစိုက်ခင်းများကို စီမံချက်ချပြီး ဆောင်ရွက်ရေးနှင့် စက်ရုံလုံခြုံရေး၊ လူပုဂ္ဂိုလ် လုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ မီးဘေးလုံခြုံရေး စသည့် စီမံချက်များရေးဆွဲ၍ လုံခြုံရေးကို ဝန်ထမ်းအားလုံး အသိ၊ သတိရှိရေး စစ်ဆေး ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်က တရုတ်ပညာရှင်များအား သစ်သီးခြင်းနှင့် လက်ဆောင်ပစ္စည်းကို လည်းကောင်း၊ တရုတ်ကုမ္ပဏီမှ တာဝန်ရှိသူများအား သစ်သီးခြင်းနှင့် လက်ဆောင်များကို လည်းကောင်း ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)သည် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ၌ တည်ရှိပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical (Group) Corporation နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့ စာချုပ်ချုပ်ဆိုကာ ၂၀၀၅ ခုနှစ် မေ ၁၄ ရက်တွင် အုတ်မြစ်ချ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံမှ တစ်နေ့ တန် (၅၀) ကျ အဆင့်မြင့်စက္ကူများ ထုတ်လုပ်လျက်ရှိရာ မြန်နှုန်းမြင့်စက္ကူ၊ မိတ္တူကူး စက္ကူနှင့် ကွန်ပျူတာသုံး ပုံနှိပ်စက္ကူ တစ်နေ့လျှင် ၃၅ တန်၊ နှစ်ဖက်ချော အဆင့်မြင့်စက္ကူပါးနှင့် ကြွေရောင်စက္ကူ တစ်နေ့လျှင် ၁၅ တန် ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# (၈၈) နှစ်မြောက်

# အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၂၂-၁၁-၂၀၀၈)

## (၈၈) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး။



### ဖဲကြိုးဖြတ်ဖွင့်လှစ်

**အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ China Metallurgical (Group) Corporation မှ Vice President Mr.Xu Xiangchun နှင့် စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း) စက်ရုံစုမှူး ဦးရည်မွန်တို့ တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) မုခ်ဦးကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

### မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၁-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၇း၅၀ ၄။ အတီးပြိုင်ပွဲ
၈း၀၀ ၅။ မြန်မာစာ မြန်မာစကား
၈း၁၅ ၆။ တေးဂီတအစီအစဉ်
၈း၃၀ ၇။ International News
၉း၀၀ ၈။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၁၅ ၃။ **"စက်မှုတပ်ဆင်လုပ်ငန်းတွင်" (မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)**
၄း၂၀ ၄။ နားဝင်ပီယံ သူ့လက်သံ
၄း၃၅ ၅။ အကပဒေသာ
၄း၄၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၀ ၈။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၅း၂၀ ၉။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၃၅ ၁၀။ အဆိုပြိုင်ပွဲ
၅း၄၀ ၁၁။ တေးဂီတအစီအစဉ်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၀ ၁၅။ သူရွှေသီရာတေးကဗျာ
၇း၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စူပါမင်းနှင့်မာနရှင်" (အပိုင်း-၇)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသားပိုင်ရှင်" (အပိုင်း-၁)**
၂၁။ အစီအစဉ်ပြီး၏။





**တန် (၅၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)တွင် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေကြစဉ်။** (သတင်းစဉ်)



လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး Mr.Benet Ekman လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဆွီဒင်နိုင်ငံ သံမှူးကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၆**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဆွီဒင်နိုင်ငံသံရုံးမှ သံမှူးကြီး Mr.Benet Ekman သည်နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ လာရောက်၍ တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍတွင် နည်းပညာပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက (၃) မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများက အသက် (၅၅)နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၏ မြကန်သာခန်းမဆောင်၌ အာစရိယပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ရာ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးသိန်းညွန့် (ကျောင်းအုပ်ကြီး) ဖုန်း- ၆၉၉၁၉၀၊ ဦးသန်းဝင်း ဖုန်း-၆၉၁၂၅၁၊ဦးကျော်တင့် ဖုန်း-၀၉-၅၁၀၅၅၉၄၊ ဦးဇော်သန့် ဖုန်း- ၆၉၀၃၉၄၊ ဦးထွန်းမြင့်ထွန်း ဖုန်း-၀၉-၅၀၂၈၅၆၆၊ ဒေါ်မေရီအေး ဖုန်း- ၆၉၀၃၃၂ နှင့် ဦးရန်နောင် ဖုန်း-၀၉-၅၀၃၁၉၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ (ကြေးမုံ)



**လှိုင်ကော် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်ဇင် လှိုင်ကော် မြို့နယ် စည် ပင် သာ ယာ ရေး အဖွဲ့မှ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ကန္တရဝတီ လမ်းပေါက် ဖာထေးနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။** (သတင်းစဉ်)

## အမှောင်ခွင်း၍ အလင်းဆောင်သော စေတနာ

### သတင်းမှတ်စု စိန်လှိုင်ဗိုလ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

အသက်ရှင် ရပ်တည်နေသော လူသားတစ်ဦးအဖို့ အာရုံငါးပါးအနက် အမြင်အာရုံသည် လွန်စွာအရေးကြီးပါသည်။ အမြင်အာရုံကွယ်ပျောက်ပါလျှင် လူသားတစ်ဦးအဖို့ ရှင်လျက်နှင့် သေနေသူပမာဖြစ်ကြရပါသည်။ သို့ဖြစ်ရာ မျက်စိဝေဒနာရှင်များမှာ အမြင်အာရုံကို ရရှိခံစားနိုင်ရန် အထူးပင်မျှော်လင့်တောင့်တခဲ့ကြပါသည်။ ထိုသို့တောင့်တနေစဉ် အမြင်အာရုံချို့ယွင်းသူ၊ အားနည်း သူတို့အတွက် လှူဒါန်းလိုသော စေတနာရှင်၊ အလှူရှင်တစ်ဦး ပဲခူးမြို့၌ ပေါ်ထွန်းလာခဲ့ပါသည်။ ထိုအလှူရှင်သည် ခွေးနဲ့စာထဲမှ ငွေကျပ်သိန်း ၁၅၀ ကို မတည်၍ လှူဒါန်းလိုပါကြောင်း ဆက်သွယ်ကမ်းလှမ်းလာခဲ့ပါသည်။

မျက်စိအခမဲ့ ကုသခွဲစိတ်ပေးမည့် အစီအမံကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးတို့ကိုအမှူးထား၍ လုပ်ငန်းစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ငွေကျပ်သိန်း ၁၅၀ မတည်အလှူရှင်ကို ထောက်ကူပံ့ပိုးသောအားဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ၁၀ သိန်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်ငါးသိန်း၊ ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၁၀ သိန်းတို့ကို ပေါင်းစပ်လှူဒါန်းခဲ့ကြသည်။

မျက်စိဝေဒနာရှင်များ၏ အမည်စာရင်းကို ကြိုတင်လက်ခံပြုစုထားပြီးနောက် ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် စုရပ်အဖြစ်ထားရှိပြီး စက်တင်ဘာ ၂၆ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ ပဲခူးပြည်သူ့ဆေးရုံကြီးသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။ ၃ ရက်တာကာလအတွင်း မျက်မှန်ပါဝါစမ်းသပ်သော လူနာများမှာ ၁၂၁၈ ဦးဖြစ်သည်။ ဆေးပေး ကုသလူနာများမှာ ၁၅၈၆ ဦးဖြစ်သည်။ ခွဲစိတ်လူနာများမှာ ၅၇၅ ဦးဖြစ်သည်။ လာရောက် ပြသသောပြင်ပလူနာ စုစုပေါင်းမှာ ၃၅၇၁ ဦးဖြစ်သည်။ မျက်မှန်တပ်ဆင်ပေးသည့် လူနာများမှာ ၅၅၀ ဦးဖြစ်သည်။

မျက်စိအခမဲ့ခွဲစိတ်ပေးရာဌာနသို့ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကဝမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ပဲခူးမြို့နယ်များမှ မျက်စိဝေဒနာရှင်များ လာရောက်ကုသခံခြင်းဖြစ်ပြီး မျက်စိအထူးကုဆရာဝန် ပါမောက္ခဒေါက်တာတင်ဝင်း ဦးဆောင်သော ဆရာဝန်၊ ဆရာမ ၂၆ ဦးတို့က စေတနာအလျောက် ကုသပေးခဲ့ခြင်းဖြစ်သည်။ ဝေဒနာမဖြစ်မီကြိုတင်ကာကွယ်ပေးနိုင်သကဲ့သို့ ဝေဒနာဖြစ်ပြီးသူများကိုလည်း ခွဲစိတ်ပေးခြင်း၊မျက်သားခြစ်ပေးခြင်း၊ မျက်စဉ်းခတ်ပေးခြင်း ၊မျက်မှန်တပ်ဆင်ပေးခြင်းဖြင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်က အစဉ်အဆက်အလှူဒါနလှူဒါန်းလေ့ရှိခဲ့ကြသည်။နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် စာသင်ကျောင်းအလှူရှင်၊ ဆေးရုံ အလှူရှင်၊ စာကြည့်တိုက်အလှူရှင်၊ တံတားအလှူရှင်၊ ရေတွင်း၊ ရေကန်အလှူရှင်စသည့် လူမှုရေးအလှူရှင် အများအပြားပေါ်ထွက်လာခဲ့သည်။ လွန်စွာဂုဏ်ယူဝမ်းမြောက်ထိုက်သော အလှူများဖြစ်သည်။ ပဲခူးမြို့၊ ဟသ်ာကုန်းရပ်နေ နေလဝန်းပွဲရုံလုပ်ငန်းပိုင်ရှင် ဦးတင်စိုး-ဒေါ်သန်းသန်းမူတို့ကဲ့သို့ မျက်စိဝေဒနာရှင်များအတွက် မတည်အလှူရှင်မျိုး များစွာပေါ်ထွန်းလှူဒါန်းနိုင်ကြပါစေကြောင်း ဂုဏ်ပြုကြိုဆို မုဒိတာပွားလိုက်ရပါသည်။



## ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၆**

သစ်တောဦးစီးဌာနမှ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်း ညွှန်ကြားရေးမှူး ဦးတင်အေးနှင့် ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး၊ တိုက်ကြီးမြို့နယ်မှ ဦးစီးအရာရှိနှင့်အတူ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း စီမံကိန်း၏ ပထမငါးနှစ်ကာလတွင် တည်ထောင်ခဲ့သည်။ ကျွန်းစိုက်ခင်းများ၏ အောင်မြင်မှုအခြေအနေအား ကွင်းဆင်းစစ်ဆေးပြီး တဘူးလှဆည်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ဆည်အတွင်းသို့ စီးဝင်သည့်ချောင်းများ၏ ရေစီးဝင်မှုအခြေအနေ၊ မြေအမျိုးအစား သဘာဝတောဖုံးလွှမ်းမှုများနှင့် ဒေသခံတို့၏ လူမှုစီးပွားရေးစစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **(အပေါ်ဓါတ်ပုံ)**

(၅၂၆)

## မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား(၂၀၀၈)ကျေးရွာနှင့် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကိုနိုဝင်ဘာ ၈ရက်ညနေပိုင်းတွင် ကျိုက်မရောမြို့နယ် အားကစားပြိုင်ကွင်း၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဌေးမြင့်ဦးက အမှာစကားပြောကြားပြီး **(ယာပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အသင်း(၁၆)သင်းမှ အားကစားသမားများ တက်ရောက်ကြပြီး ဗိုလ်လုပွဲကို နိုဝင်ဘာ ဒုတိယပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)





## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၇-၁၁-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | ချိုမြလက်သံ ငြိမ့်ညောင်းဟန် |
| ၄း၃၀ | ၅။ | ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄း၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၅၀ | ၇။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅း၀၀ | ၈။ | ဗွီစီဒီကျော်ကြားတေးများ |
| ၅း၁၅ | ၉။ | ရှင်သန်ခြင်း (ပညာပေးဇာတ်လမ်းတို) |
| ၅း၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၄။ | သွက်လက်လှုပ်ရှား ကစားစို့လား |
| ၆း၄၅ | ၁၅။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၆။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၁၁)** |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁၈) |
| | ၂၁။ | မေးမြန်းစူးစမ်း |
| | ၂၂။ | သီဆိုဖြေဖျော် တစ်ကိုယ်တော် |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၂၅)** |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

## အထက၊ ထန်းတပင်(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်း ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၅၃ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာ၊ ဆရာမများအား (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း လှိုင်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ကံစမ်းပစ္စည်းများကို ဦးအောင်စိုး ဖုန်း-၆၈၃၆၀၆-၂၅၉၊ ဦးသန်းမြင့် ဖုန်း-၂၄၇၂၃၀နှင့် ၀၉-၅၁၈၉၂၅၃၊ ဦးတင်ဝင်း ဖုန်း-၃၃၃၁၃၅၅နှင့် ဦးအောင်မြင့်ရုံးဖုန်း-၂၅၂၈၇၅နှင့် အိမ်ဖုန်း-၃၃၃၁၃၅၅၊ လိုင်းခွဲ-၁၈၆ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (ကြေးမုံ)

# Grand Royal Challenge Cup ဘောလုံးပြိုင်ပွဲ အူလ်ဆန်ဟွန်ဒိုင်းက ဗီယက်နမ်ကိုနိုင်

**သတင်းနှင့် ဓာတ်ပုံ - စိုးညွန့် (ကြေးမုံ)**

ရန်ကုန် နိုဝင်ဘာ ၁၆

**တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ အူလ်ဆန်ဟွန်ဒိုင်းအသင်းက ဗီယက်နမ်အိုလံပစ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**




**Calsome ကွေကာ(MDG Co.,Ltd.) မှ Sales & Consultant ဦးမင်းတလညာဏ်က ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုရ ကင်ချိုင်ဘေး (အူလ်ဆန်ဟွန်ဒိုင်း)အား ဆုချီးမြှင့်စဉ်။**

**အူလ်ဆန်ဟွန်ဒိုင်းအသင်း - လေးဂိုး**
**ဗီယက်နမ်အိုလံပစ်အသင်း- တစ်ဂိုး**
**အကောင်းဆုံးဆု - ကင်ချိုင်ဘေး**
(အူလ်ဆန်ဟွန်ဒိုင်း)
**ဒိုင်လူကြီး - ဦးဝင်းထွဋ်**

အူလ်ဆန်ဟွန်ဒိုင်းကလပ် အသင်းသည် အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်မြန်မာကို ရှောင်ရှားနိုင်ရန်အတွက် မလေးရှားအသင်း သွင်းယူထားသည့် ဂိုးအရေအတွက်ထက် ပိုသာအောင် ဗီယက်နမ်အိုလံပစ်အသင်းကို သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ အူလ်ဆန်ဟွန်ဒိုင်းအသင်း၏ ခြေစွမ်းမှာ အကောင်းဆုံး မရှိခဲ့သော်လည်း ဒုတိယပိုင်းတွင် လိုအပ်သည့် အနိုင်ဂိုးများကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည့်အကြိမ်(၄၀)မြောက်မာဒေးကားဖလားပြိုင်ပွဲတွင် လက်ရွေးစင်အသင်းကြီးများကို အနိုင်ရ ဗိုလ်စွဲခဲ့သည့် ဗီယက်နမ်အိုလံပစ်အသင်းမှာ ယခုပြိုင်ပွဲတွင် ပွဲတိုင်းရှုံးပြီး အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ပွဲ၏ အနိုင်အရှုံးရလဒ်ကို အဓိကအဆုံးအဖြတ်ပေးခဲ့သည်က ဒုတိယပိုင်းဖြစ်ပြီး ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းခွင့် တစ်ကြိမ်နှစ်ကြိမ်သာရရှိခဲ့သည်။ ဗီယက်နမ်အသင်းမှ အပိုင်ဂိုးသွင်းခွင့်ကိုအသုံးမချနိုင်ခဲ့သလို အူလ်ဆန်မှကင်ချိုင်ဘေး၏ အဝေးမှကန်သွင်းချက်မှာလည်း တိုင်ထိထွက်သွား၍ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် အနိုင်ရရှိသာမက ဂိုးပြတ်အနိုင်ရရန်ပါလိုအပ်နေသည့် အူလ်ဆန်အသင်း တိုက်စစ်အားမြှင့်တင်လာခဲ့ပြီး ၄၇မိနစ်တွင် လီဂျင်ဟိုက ပထမဂိုး၊ ၅၈မိနစ်တွင် ကင်ဆောင်မင်က အဝေးကနေကန်သွင်းပြီးဒုတိယဂိုး၊ ၆၈မိနစ်မှာ ကင်ချိုင်ဘေးကတတိယဂိုးကို ဆက်တိုက်သွင်းယူသွားခဲ့သည်။ ဗီယက်နမ်အသင်းမှာ အူလ်ဆန်အသင်းကိုယှဉ်ကစားနိုင်ခြင်းမရှိခဲ့ပေ။ မိနစ် ၈၀တွင် ဗီယက်နမ်အသင်းမှ တွန်ဟတ်နမ်က ဗီယက်နမ်အတွက် နှစ်သိမ့်ချေပဂိုး တစ်ဂိုးသွင်းယူခဲ့သည်။ ဗီယက်နမ်တို့ ချေပဂိုးတစ်ဂိုးသွင်းယူသွား၍ အုပ်စုပထမရရန်အတွက် အူလ်ဆန်အသင်း စတုတ္ထဂိုးရရှိရန် လိုအပ်လာခဲ့သည်။ အူလ်ဆန်အသင်းအတွက် အဖိုးတန်ဂိုးကို ၉၂မိနစ်တွင် ပတ်ယောင်ဆွတ်က တန်ပြန်တိုက်စစ်မှသွင်းယူသွားခဲ့သည်။

ပွဲအပြီးတွင် အကောင်းဆုံးဆုရ ကင်ချိုင်ဘေး(အူလ်ဆန်ဟွန်ဒိုင်း)အား Myanmar Distribution Group Co.,Ltd. (Calsome ကွေကာ)မှ Sales & Consultant ဦးမင်းတလညာဏ်က ဆုကြေးအမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်သည်။

(ခ)အုပ်စုပွဲစဉ်များ ပြီးဆုံးသွားရာ အူလ်ဆန်ဟွန်ဒိုင်းအသင်းနှင့် မလေးရှားအသင်းတို့မှာ တစ်ပွဲနိုင် တစ်ပွဲသရေဖြင့် လေးမှတ်စီရရှိသော်လည်းသွင်းဂိုးငါးဂိုး၊ ပေးဂိုးနှစ်ဂိုးရှိသည့် အူလ်ဆန်က အုပ်စုပထမ၊ သွင်းဂိုး လေးဂိုး၊ ပေးဂိုး နှစ်ဂိုး ရှိသည့် မလေးရှားက အုပ်စုဒုတိယ ရရှိသည်။

အူလ်ဆန်ဟွန်ဒိုင်း နည်းပြ ကင်ဟွမ်ဆောင်က "အကြိုဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ရှောင်ရှားနိုင်ရန်အတွက်ဗီယက်နမ်ကို ဂိုးပြတ်အနိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း၊ ကိုရီးယားနှင့်ရာသီဥတု ကွာခြားမှုရှိ၍ ထင်သလိုမကစားနိုင်သောကြောင့် အိမ်ရှင်မြန်မာထက်စာလျှင် အင်ဒိုနီးရှားနှင့် အကြိုဗိုလ်လုပွဲကစားရသည်မှာ ပိုမိုလွယ်ကူနိုင်ကြောင်း " ပြောကြားသွားသည်။

ဗီယက်နမ်အိုလံပစ် နည်းပြ မိုင်ဒူချောင်က "အုပ်စုမတက်နိုင်သော်လည်း အသင်းကောင်းများနှင့် ကစားရ၍ မိမိတို့ကိုအကျိုးရှိစေပါကြောင်း၊ ယခုပြိုင်ပွဲအတွက် ကစားသမားအစုံမပါဝင်နိုင်သလို ပြင်ဆင်ချိန်လည်း သိပ်မရခဲ့ကြောင်း၊ Grand Royal ပြိုင်ပွဲကျင်းပပေးသည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများကို ကျေးဇူးတင်ပါကြောင်း" ပြောကြားသွားသည်။

အုပ်စုပွဲစဉ်များယနေ့ပြီးဆုံးသွားရာ (က) အုပ်စုမှ မြန်မာ အုပ်စုပထမ၊ အင်ဒိုနီးရှားက အုပ်စုဒုတိယ၊ (ခ) အုပ်စုမှ အူလ်ဆန်ဟွန်ဒိုင်းက အုပ်စုပထမ၊ မလေးရှားက အုပ်စုဒုတိယ ရရှိပြီးအကြိုဗိုလ်လုပွဲတွင် မြန်မာနှင့် မလေးရှား၊ အူလ်ဆန်ဟွန်ဒိုင်းနှင့် အင်ဒိုနီးရှားတို့ တွေ့ဆုံကြမည်ဖြစ်သည်။

**၁၈-၁၁-၂၀၀၈**
**ညနေ ၃ နာရီ**
**(ပထမအကြိုဗိုလ်လုပွဲ)**
**မြန်မာ့လက်ရွေးစင်နှင့် မလေးရှားလက်ရွေးစင်**

(ကြေးမုံ)



**ဗီယက်နမ် နောက်တန်းလူများကြားမှ ဂိုးသွင်းရန် ကြိုးပမ်းနေသည့် အူလ်ဆန်ဟွန်ဒိုင်းတိုက်စစ်မှူး။**

# မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် ညအပူချိန်များ လျော့နည်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁၆

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပါသည်။ **ထူးခြားသည့်ညအပူချိန်မှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၁၇ရက်ညနေထိ ခန့်မှန်းချက်။** ။တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၀ဒီဂရီဖာရင်ဟိုက်) ၁၅-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၇ဒသမ ဝဒီဂရီစင်တီဂရိတ် (၆၃ဒီဂရီဖာရင်ဟိုက်) ၁၆-၁၁-၂၀၀၈

၀၉း၃၀နာရီအချိန်စိုထိုင်းဆ ၇၃ ရာခိုင်နှုန်း ၁၆-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ၉ ဒသမ ၁ နာရီခန့် ၁၅-၁၁-၂၀၀၈

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၁၆-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၈၀၂ မမ ( ၁၁၀ဒသမ ၃၁လက်မ) | ၃၀၇၂မမ (၁၂၀ဒသမ ၉၅လက်မ) | ၃၅၈၀ မမ (၁၄၀ဒသမ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၅-၁၁-၂၀၀၈ ရက် ၁၅း၃၀ နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ဦးသန်းဇော (GM - မြန်မာ့သစ်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးကိုကြီး(Global Veneer Co., Ltd.)၊ ဦးသီဟ(မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းအောင် ( New Brother Ltd.)တို့နှင့်အတူ နိုဝင်ဘာ ၁၅ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist No.(4) ဘောလုံးကို Maruman Metabio Iron No.(7) သံတုတ်ဖြင့်ရိုက်လိုက်ရာ (၁၄၁)ကိုက်အကွာအဝေးရှိ ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009 )၏ Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၇နာရီခွဲတွင် ပုဂံမြို့ Bagan Resort Golf Club ၌ ဆက်လက်ကျင်းပသည်။**

**ဦးဆောင်ကစား**

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင်(SRIXON)ကပင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး (၇၀+၇၂+၇၀)ပေါင်း (၂၁၂)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သိန်းဇော်မြင့် (KM) က (၇၂+၇၁+၇၂)ပေါင်း (၂၁၅)ချက်ဖြင့် ဒုတိယလိုက်ပြီး ဇော်ဇော်လတ် (SRIXON ) က (၇၅+၇၀+၇၄)ပေါင်း (၂၁၉)ချက်ဖြင့်တတိယလိုက်နေကာ ဇော်ဇင်ဝင်း(SRIXON)က (၇၁+၇၅+၇၄)ပေါင်း အချက်(၂၂၀)ဖြင့် စတုတ္ထနေရာတွင် ရှိနေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး (၇၀+၇၁+၆၈)ပေါင်း (၂၀၉)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်း(သစ်တော)ကလည်း သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျှော့ရိုက်ပြီး (၇၄+၇၁+၆၉)ပေါင်း (၂၁၄)ချက်ဖြင့် ဒုတိယလိုက်နေပြီး ဘိုဘိုလေးက (၇၁+၇၁+၇၄)ပေါင်း (၂၁၆)ချက်ဖြင့် တတိယလိုက်နေသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးရိုက်အားကစားသမားများ၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd. မှ အဓိကကူညီပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Hotel Yangon , Ruby Dragon (Jade and Gems) Co., Ltd., Alpine Purified Drinking Water,Dagon Brewery Co., Ltd., MY Associates Co., Ltd, Srixon, KM Golf Center, ACCEL International Co., Ltd.(Canon) နှင့် Lifeline(DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)



**ဦးဆောင်ကစား**

**Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး ဦးဆောင်ကစားလျက်ရှိသော စိုးကျော်နိုင် (SRIXON)။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)





ရေလှောင်ကန်မှရေကို ရေစုကန်မှတစ်ဆင့်ရေပေးမြောင်း အဆင့်ဆင့်ဖြင့် သွယ်ယူကာစိုက်ပျိုးရေပို့လွှတ်ပေးစဉ်။

# ရွှေကိုမလို ရေကိုသာလိုသည့် အရာတော်မြို့နယ်တွင် ရေလှောင်ကန်များတူးဖော်၍ နွေမိုး စပါး တိုးချဲ့စိုက်ပျိုးနိုင်ပြီ

သတင်းဆောင်းပါး-ဇော်ဝင်း(ကြေးမုံ) ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို သတင်းဆောင်းပါး ရေးသားတင်ပြရန်အတွက် ကြေးမုံသတင်းအဖွဲ့သည် အောက်တိုဘာလလယ်ပိုင်းက မုံရွာခရိုင်အတွင်းမှ မြို့နယ်အချို့သို့ သွားရောက်ခဲ့သည်။

ယင်းသို့ သွားရောက်ခဲ့သည့် မြို့နယ်များထဲတွင် အရာတော်မြို့နယ်လည်းပါဝင်ခဲ့သည်။ ရွှေကိုမလို ရေကိုသာလိုသည်ဟူသော စကားစုဖြင့်ကျော်ကြားခဲ့သော အရာတော်မြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍတွင် ရေလှောင်ကန်များတူးဖော်၍ နွေ၊ မိုးစပါးစိုက်ပျိုးဖြစ်ထွန်းလာနိုင်မှုအခြေအနေကိုလေ့လာရန်မှာ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်ဖြစ်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့လိုက်ပါလာသော မော်တော်ယာဉ်သည် မုံရွာ-အရာတော်ကားလမ်းအတိုင်း အရှေ့စူးစူးဆီသို့ ဦးတည်နေသည်။ မုံရွာမြို့မှအထွက် ၁၀မိုင်ကျော်မှစ၍ မြင်ကွင်းကားပြောင်းလဲလာသည်။ ဝါခင်းနှင့်ပဲစင်းငုံခင်းတို့ အမြင်ကျဲလာပြီး ခြောက်သွေ့သောမြေနီကုန်းရိုးပေါ်မှ ယာခင်းများကို အတွေ့များလာရသည်။ ထန်းတောစိမ်းစိမ်းတို့ အပြိုင်းအရိုင်း ရက်ဖောက်ထားသော ယာခင်းပြင်များမှာ ညိုတစ်လှည့်၊ စိမ်းတစ်လှည့်၊ ပဲစင်းငုံ၊ စွန်တာနီ၊ စွန်တာပြာ စိုက်ကွက်များနှင့် သနပ်ခါးစိုက်ခင်းများကိုလည်း မပြတ်တွေ့ရသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳

လယ်သူမကြီး ဒေါ်ပြုံး၏ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းနွှယ်ရင်စပါးနှံများ။

## အင်အားအသင့်အတင့်ရှိ မြေလျှင်လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၆ရက် မြန်မာစံတော်ချိန် ၁၈နာရီ၊ မိနစ် ၅၀၊ ၃၅စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေလျှင်စခန်းမှ အနောက်တောင်ဘက် မိုင်၅၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ ၇ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေလျှင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။(သတင်းစဉ်)

## အင်တာနက်ဆေးသိပ္ပံသတင်း



# မျိုးဗီဇပြောင်းလဲထားသောပြောင်းဖူး မျိုးပွားမှုကို ထိခိုက်စေနိုင်

ဘာသာပြန်-တက်လူ

**ဗီယင်နာ နိုဝင်ဘာ ၁၄**

မျိုးဗီဇပြောင်းလဲထားသော ပြောင်းဖူးကို ကာလရှည် စားသုံးခြင်းဖြင့် မျိုးပွားမှုကို ထိခိုက်နိုင်ကြောင်း ဩစတြီးယား သိပ္ပံပညာရှင်များက ပြောကြားသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်မှ ပါမောက္ခဇင်တက်ဂျာဂင် ဦးဆောင်သော သိပ္ပံပညာရှင်များသည် မျိုးဗီဇပြောင်းလဲထားသော အစားအစာများအား စားသုံးမှုနှင့် ကျန်းမာရေး ဆက်စပ်ပုံကို လေ့လာခဲ့ကြသည်။

သုတေသီများသည် မျိုးဗီဇပြောင်းလဲထားသော ပြောင်းဖူးကို ကာလရှည်စားသုံးခြင်းဖြင့် တိရစ္ဆာန်များ၏ မျိုးပွားနိုင်စွမ်း ထိခိုက်နိုင်ခြင်း ရှိမရှိ သိရှိနိုင်ရန် ကြွက်များဖြင့် စမ်းသပ်လေ့လာခဲ့သည်။

ကြွက်များကို အုပ်စုနှစ်စု ခွဲခြားလိုက်ပြီး တစ်စုကို အမေရိကန်နိုင်ငံမှထုတ်လုပ်သော မျိုးဗီဇပြောင်းလဲထားသည့် ပြောင်းဆန်ကို ကျွေးမွေးခဲ့သည်။ အခြားအုပ်စုတစ်စုကိုမူ ဩစတြီးယားနိုင်ငံအတွင်း သမားရိုးကျ စိုက်ပျိုးထုတ်လုပ်သော ပြောင်းဆန်ကို ကျွေးမွေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ◯


ယနေ့ ကြေးမုံ ဆောင်းပါးနှင့်ပြည်တွင်းပြည်ပသတင်းများအညွှန်း



မျိုးကွဲသော ဂီတသံစဉ်များသည် နှလုံးကျန်းမာရေးကို အထောက်အကူပြု

စာမျက်နှာ- ၇

လူလည်းလှ စိတ်လည်းလှ ရင်ထဲမှာ မေတ္တာအပြည့်နဲ့နေရင် သွေးတိုးရောဂါဘေးကြီးက ကင်းဝေးသွားမှာပါပဲ

(ဆောင်းပါး) စာမျက်နှာ- ၆



ဟွန် ဒိုင်း က ဗီ ယက် နမ် ကို နိုင်

(အားကစားသတင်း)

စာမျက်နှာ- ၁၁